# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရား မရနိုင်**

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံရှိကြကုန်ရကား အနှစ်ရှိသော တရားကို မရနိုင်ကြကုန်။ ယမကဝဂ်(ဓမ္မပဒ-၁၁)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၆)


## ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး တက်ရောက်




"ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကို အပြီးသတ်ထုတ်လုပ်ပြသရန်အတွက် မိမိတို့အားလုံး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်"


စာမျက်နှာ စာ ၃


....................................

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကော့သောင်းခရိုင် ဒေသအတွင်းရှိ ကျွန်းများ ကြည့်ရှုစစ်ဆေး



"ညောင်ဦးဖီးကျွန်းသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အမြောက်အမြား လာရောက်လည်ပတ်သည့် ကျွန်းတစ်ခုဖြစ်"


စာမျက်နှာ စာ ၅


....................................

## ဥရောပတောင်ပိုင်းနိုင်ငံများတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်




စာမျက်နှာ စာ ၁၃




မြို့ပြကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ နေထိုင်ရေး အဆင်ပြေစေရန် အိမ်ရာစီမံကိန်းများ ဖြည့်ဆည်းပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိ


သတင်း စာ ၄


# မိုးယွန်းကြီးအင်း ဘေးမဲ့တောကို အများပြည်သူအပန်းဖြေလေ့လာရန် ဖွင့်လှစ်ထား

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံတွင် မျိုးသုဉ်းလုနီးပါး ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်မျိုးစိတ် ၁၇၂ မျိုးနားခိုရာ ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းဘေးမဲ့တောကို အများပြည်သူ လေ့လာအပန်းဖြေရန် ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါ မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ဌာနေရေပျော်ငှက် ၁၃၀ ခန့်နှင့် ဆောင်းခိုငှက်မျိုးစိတ် ၄၀ကျော် ကျက်စားသောကြောင့် ရေဝပ်ဒေသဘေးမဲ့တော၌ ငှက်မျိုးစိတ်ပေါင်း ၁၇၂ မျိုးကို မှတ်တမ်းတင်ထားပြီး ယခုလမှစ၍ ဆောင်းခိုငှက်များ နေရပ်ဒေသသို့ပြန်ချိန်တွင် ဌာနေရေပျော်ငှက်မျိုးစိတ်တို့ နေထိုင်ကျက်စားလျက်ရှိသည်။

" မိုးယွန်းကြီးအင်း ဘေးမဲ့တောမှာ ရေပျော်ငှက်နဲ့ ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၁၇၂ မျိုးကို မှတ်တမ်းတင်ထားပါတယ်။ ရှားပါးငှက်မျိုးစိတ်ဆိုရင် ကြိုးကြာခေါင်းနီ၊ ငှက်ကျား၊ ခရုစုပ် ခေါင်းမည်းနဲ့ ငှက်ကြီးဝန်ပို စတဲ့မျိုးသုဉ်းလုနီးပါး ငှက်မျိုးစိတ်တွေကို ကာကွယ်စောင့်ရှောက်ပါတယ်။ ဒီမှာ လေ့လာမှုအပြင် အပန်းဖြေနားခိုလို့ရအောင် စီမံပေးထားပြီးတော့ ကိုဗစ် -၁၉ ရောဂါမတိုင်မီက ပြည်တွင်းပြည်ပ ခရီးသွားတွေ လာကြပါတယ်။ အခုလည်း ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ အပန်းဖြေ လာရောက်လေ့လာလို့ရပါတယ်" ဟု မိုးယွန်းကြီးအင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောသည်။

**နိုင်ငံတိုင်းမှ ကာကွယ်စောင့်ရှောက်**

ထိုဘေးမဲ့အင်းသို့ ဆောင်းခိုငှက်များ အောက်တိုဘာလမှ မတ်လအထိ နှစ်စဉ်လာရောက်ဆောင်းခိုလေ့ရှိပြီး ကမ္ဘာ့မြောက်ခြမ်း၌ ရေအေးခဲချိန်၊ နေ့တာတို၍ ညတာရှည်ချိန် အစာရေစာရှားပါးမှုကြောင့် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသသို့ လာရောက်ဆောင်းခိုခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ဧပြီလအထိ ဆောင်းခိုငှက်များ မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် နေထိုင်လေ့ရှိပြီး


*စာမျက်နှာ ၅ ကော်လံ ၁* ❐


## ထူးခြားသည့် နေ့အပူချိန်များ

၁၆-၅-၂၀၂၂

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| သာယာဝတီမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |

# ဒေါသတရားနှင့် အစွန်းရောက်စိတ်ခတ်များ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ၏ မြေပြင်အခြေအနေများကို စစ်ဆေးမှုများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ပြီးစီးခဲ့ပြီဖြစ်သည်။ စစ်ဆေးတွေ့ရှိမှုများအရ ဥပဒေနှင့် မညီညွတ်မှုများ၊ ကျူးလွန်ဖောက်ဖျက်မှုများ၊ မိမိပါတီအောင်နိုင်ရေးအတွက် အာဏာရပါတီနှင့် အစိုးရတို့၏ ဥပဒေမဲ့ပြုကျင့်မှုများ တစ်စတစ်စရုပ်လုံးပေါ်လာနေသည်။ အကယ်စင်စစ်အားဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီပါတီမှာ အရေးနိမ့်မည့်ပါတီမဟုတ်သည်ကို လူတိုင်းသိကြသည်။ သို့ရာတွင် ၎င်း၏ အာဏာသက်တမ်း ငါးနှစ်တာကာလအတွင်း အားနည်းချက်များနှင့် မအောင်မြင်မှုများလည်းရှိနေခဲ့ရာ ဒုတိယသက်တမ်းအတွက် စိတ်ချရစေရန် ဥပဒေချိုးဖောက်သည့်နည်းလမ်း၊ မသမာသည့် နည်းလမ်းများကျင့်သုံးကာ ရွေးကောက်ပွဲအောင်နိုင်ရေးကို မဖြစ်မနေ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရွေးကောက်ပွဲမသမာမှုများကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များမှာ ဆန္ဒပြပွဲများ၊ ဆူပူမှုများ၊ အုံကြွတိုက်ခိုက်မှုများမှသည် အကြမ်းဖက်မှုများအထိ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ နိုင်ငံရေးအကျိုးအမြတ်အတွက် အကြမ်းဖက်နည်းလမ်းကို ကျင့်သုံးခြင်းသည် အောင်မြင်သည့် နည်းလမ်းမဟုတ်။ သို့ရာတွင် ဆန္ဒပြပွဲများ၏နေရာတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်လာပြီး လစ်လျှင်လစ်သလို ပြုလုပ်နေကြခြင်းသာဖြစ်သည်။ မြန်မာတို့ အသုံးများသည့် ဖေ့စ်ဘုတ်လူမှုကွန်ရက်တွင် အကြမ်းဖက်ရန်၊ လူသတ်ရန် မြှောက်ပင့်ပေးနေမှုများ၊ ခြိမ်းခြောက်မှုများကို ဖြန့်ဝေနေကြပြီး ဤသို့ပြုကျင့်မှုမှာ မှန်ကန်သည်ဟု ယူဆလာစေရန် အစွန်းရောက်စိတ်ခတ်များ သွတ်သွင်းနေကြသည်ကိုလည်း တွေ့ရသည်။ ပြည်တွင်းပြည်ပမှ အကြမ်းဖက်သမားများနှင့် လော်ဘီများ၏ တို့မီးရှို့မီးများ၊ ဆင်ခြင်တုံတရားနှင့် တွေးခေါ်နိုင်သည့် ဦးနှောက်တို့ ကင်းမဲ့နေသူများ၏ မှတ်ချက်များ၊ ထပ်ဆင့်ဖြန့်ဝေမှုများက တိုင်းပြည်အတွင်း အကြမ်းဖက်မှုများ တစီစီဖြစ်နေအောင်၊ အဆက်မပြတ် တောက်လောင်နေအောင် လောင်စာထည့်ပေးနေသကဲ့သို့ပင်ဖြစ်သည်။ ဒေါသမီးအလျှံ တညီးညီးနှင့်ပင်တည်း။

ဒေါသဟူသော မီးသည် ကမ္ဘာမပြတ်၊ ဘဝမပြတ်၊ နှစ်မပြတ်၊ လမပြတ်၊ နေ့မပြတ် ထပ်ကာထပ်ကာ အတ္တဘောတည်းဟူသော လောင်စာကိုစွဲ၍ ရဲရဲငြိလေရကား ကမ္ဘာဖျက်မီးမျှမက သာလွန်၍ ပူပန်စေတတ်၏။ ကမ္ဘာပျက်ခြင်းသည် မီး၊ ရေ၊ လေ သုံးပါးတို့တွင် တစ်ပါးပါးကြောင့်ပျက်၏။ ထိုသုံးပါးတို့အနက် သတ္တဝါတို့တွင် ရာဂထူပြောသည့်အခါ ရေဖြင့်ပျက်၏။ ဒေါသထူပြောသည့်အခါ မီးဖြင့်ပျက်၏။ မောဟထူပြောသည့်အခါ လေဖြင့်ပျက်၏ဟု ကျမ်းဂန်၌ဆိုရာ ကမ္ဘာဖျက်သည့်မီးသည် ဒေါသဟူသော အကြောင်းရင်းကြောင့်ဖြစ်ပြီး ဒေါသဟူသည် လူသတ္တဝါတို့၏သန္တာန်မှ ထွက်ပေါ်လာခြင်းသာဖြစ်သည်။ ကပ်သုံးပါးတွင်လည်း သတ္တဝါတို့တွင် ရာဂထူပြောသည့်အခါ ဒုဗ္ဘိက္ခန္တရကပ် အငတ်ဘေး၊ ဒေါသထူပြောသည့်အခါ သတ္တန္တရကပ် စစ်မက်လက်နက်အန္တရာယ်ဘေး၊ မောဟထူပြောသည့်အခါ ရောဂါန္တရကပ် အနာရောဂါနှိပ်စက်ခြင်းဘေးတို့သင့်ကြသည်ဟုလည်း ကျမ်းဂန်များက ပြဆိုသည်။

ဒေါသသည် မီးနှင့်အလားသဏ္ဌာန်တူရာ ဒေါသကင်းသည့် နေရာတွင် အပူကင်းမည်၊ အေးချမ်းမည်ဖြစ်သည်။ ဒေါသထူပြောသည့် နေရာသည်လည်း စစ်မက်နှင့် တုတ်ဓား သေနတ် လက်နက်အန္တရာယ်ဘေး ကျရောက်နိုင်သည့်နေရာ၊ သေကျေထိခိုက်ကြောက်ရွံ့ထိတ်လန့်ကြရသည့်နေရာအဖြစ် ရောက်ရှိသွားမည်ဖြစ်သည်။ ဒေါသကင်းမဲ့၍အဒေါသခေါ် မေတ္တာတရားထွန်းကားသည့်နေရာမှာမူ ငြိမ်းချမ်းသာယာသည့် ပတိရူပဒေသဖြစ်မည်သာဖြစ်ရာ ဒေါသမီးတို့ မိမိသန္တာန်၌ ကျရောက်လောင်ကျွမ်းပြီဆိုပါက လျင်မြန်စွာ ငြိမ်းသတ်နိုင်ကြပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမ်းမြို့ စာရေတောင်တောရကျောင်း၌ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယ ဝိဒူ ဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တတေဇောသာရ အား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**နေပြည်တော် မေ ၁၆**

ရခိုင်ပြည်နယ် အမ်းမြို့ စာရေတောင်တောရကျောင်း၌ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ ဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တတေဇောသာရအား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဘန်းတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဘန်းတောင်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် မြို့နယ်သာသနာရေးမှူးက ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ ထေရုပ္ပတ္တိအား ဖတ်ကြားပူဇော်ခြင်းနှင့် ထေရဂုနပူဇနာဂါထာတော်ဖြင့် ပူဇော်ခြင်းများ ဆောင်ရွက်ပြီး တက်ရောက်လာကြသူများက ဆရာတော်အား ဘွဲ့တံဆိပ်တော်၊ ဘွဲ့လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဘန်းတောင်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြဝတီ၌ ကလေးငယ်များအတွက် ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်

**မြဝတီ မေ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့ရှိ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များအား ယဉ်ကျေးလိမ္မာစေရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများကို မေ ၁၁ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းများကို မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ တောင်တန်းသာသနာပြု ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ရှင်သာမဏေ ၁၂ ပါး၊ သင်တန်းသူ ၅၀ နှင့် သင်တန်းသား ၇၀ ကို သင်တန်းနည်းပြ ဆရာတော်၊ ဆရာ ဆရာမများက သင်ကြားပို့ချနေခြင်းဖြစ်သည်။



အဆိုပါ သင်တန်းတွင် ယဉ်ကျေးလိမ္မာ သင်ခန်းစာအဖြစ် ဗုဒ္ဓဝင်အကျဉ်း၊ ရတနာမြတ်သုံးပါး ဂုဏ်တော်ပါဠိအနက်၊ ယဉ်ကျေးခြင်း၊ ယဉ်ကျေးလိမ္မာဆုံးမစာ အစရှိသည်တို့ကို မေ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**မန်းသန်းရွှေမြင့် (ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

စာအုပ်စာပေ

လူ့မိတ်ဆွေ

# ဆီ အလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့်စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့် ဆေးလိပ် သောက်သုံးမှုများကို အသိတရားဖြင့် ထိန်းသိမ်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လို

ပြည်သူများကျန်းမာရေးနှင့် ညီညွတ်သည့် ဆီများစားသုံးနိုင်ရေးအတွက်လည်း ပြည်ပမှတင်သွင်းသည့် စားသုံးဆီများတွင် ပြန်လည်သန့်စင်ထားသည့် ဆီများမဖြစ်စေဘဲ အရည်အသွေးအာမခံနိုင်မှုရှိစေရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄၂ နှစ်သာရှိသဖြင့် အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆီများအလွန်အကျွံစားသုံးမှု၊ ဟင်းချိုမှုန့်စားသုံးမှု၊ မူးယစ်ဆေးဝါး၊ အရက်နှင့် ဆေးလိပ်သောက်သုံးမှုများကို အသိတရားဖြင့် ထိန်းသိမ်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများ၏ သက်တမ်းသည် ကမ္ဘာပေါ်တွင် စံချိန်မီသည့် လူ့သက်တမ်းဖြစ်စေရေးအတွက် အာဟာရပြည့်ဝသည့် စားသောက်ကုန်များအား စျေးနှုန်းသက်သာစွာဖြင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာသည့်နေထိုင်စားသောက်မှုပုံစံ နေထိုင်စားသောက်နိုင်ရေးအတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး တက်ရောက်

**ရန်ကုန် မေ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုး၊ လုပ်ငန်းကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာသမိုင်းပညာရှင်များ၊ ရုပ်ရှင်ဆိုင်ရာ အတတ်ပညာရှင်၊ အသိပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်လက်ဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ရုပ်ရှင်ရိုက်ကူးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများဆောင်ရွက်ကာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ရိုက်ကူးမှုကို စတင်နိုင်ခဲ့သည်ကို သိရှိရကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ကိုဗစ်-၁၉ ပထမလှိုင်းနှင့် စက်တင်ဘာလတွင် ဒုတိယလှိုင်းများ ဖြစ်ပေါ်လာမှုကြောင့် ရိုက်ကူးမှုကို မူလရည်မှန်းထားသည့် အချိန်ကာလ သတ်မှတ်ချက်အတိုင်း တစ်ဆက်တည်း ရိုက်ကူးနိုင်ခြင်းမရှိခဲ့ကြောင်း၊ အခက်အခဲကြားထဲမှ ရိုက်ကူးရေးလုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရှိရကြောင်း၊ ယခုအခါမှာ ရိုက်ကူးရေးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ တည်းဖြတ်မှု၊ ကွန်ပျူတာနည်းပညာဖြင့် အထူးပြုလုပ်မှု၊ အသံအထူးပြုလုပ်မှု၊ Colour ချိန်ညှိမှု၊ Music/ Dubbing တီးခတ်မှု စသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ကျန်နေသေးကြောင်း။

### စီစဉ်ဆောင်ရွက်

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကို အပြီးသတ်ထုတ်လုပ်ပြသရန်အတွက် မိမိတို့အားလုံး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အပြီးသတ်လုပ်ငန်းများ အများကြီး ကျန်ရှိနေသေးကြောင်းကို သိရှိရကြောင်း၊ ၎င်းလုပ်ငန်းများမှာ ကွန်ပျူတာနည်းပညာဖြင့် ပုံရိပ်ဖန်တီးမှုလုပ်ငန်း၊ တည်းဖြတ်မှုလုပ်ငန်း၊ Sound Effect များကို Yangon Post မှ မလေးရှားတွင် ဆောင်ရွက်မည့်လုပ်ငန်း၊ Final တည်းဖြတ်မှုလုပ်ငန်း၊ Colour ချိန်ညှိမှုလုပ်ငန်း၊ Music/ Dubbing တီးခတ်မှု လုပ်ငန်းတို့ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို ကြည့်ခြင်းအားဖြင့် လက်ကျန်ရန်ပုံငွေဖြင့် လုံလောက်မှုမရှိသည်ကို သုံးသပ်နိုင်ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေရရှိအောင် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### အသေးစိတ်တင်ပြ

ယင်းနောက် ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုးတို့က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အသေးစိတ်တင်ပြကြသည်။

### အသီးသီးဆွေးနွေး

ဆက်လက်၍ Red Radiance Co., Ltd မှ ဦးမျိုးမင်း၊ Yangon Post Co., Ltd မှ ဦးရဲဝင်း၊ အကယ်ဒမီ ဓီရာမိုရ်နှင့် သမိုင်းပညာရှင်များက ရုပ်ရှင်ဇာတ်ကားပြီးစီးအောင်မြင်ရေးဆိုင်ရာ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

## အထက်တန်းကျောင်းများနှင့် ပြည်သူ့ဆေးရုံများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မေ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့၊ မိုင်းရယ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၊ မင်းလှမြို့၊ မိုးညိုမြို့၊ ဇီးကုန်းမြို့၊ အုတ်ဖိုမြို့များရှိ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံတို့၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျောင်းဝင်းများနှင့် ပြည်သူ့ဆေးရုံများအတွင်း၊ အပြင်ရှိ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ပြန်လည်ပြုပြင်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ဆေးရုံ အောင်လံမြို့နှင့် ပြည်သူ့ဆေးရုံကြီး ပြည်မြို့တို့ကို ကွင်းဆင်းစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ လူနာများအား ဆေးကုသမှုခံယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် မေ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံ အောင်လံမြို့နှင့် ပဲခူးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံကြီး ပြည်မြို့တို့ကို ကွင်းဆင်းစစ်ဆေးသည်။

နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံအောင်လံမြို့ လူနာဆောင်သစ်ရှိ အရေးပေါ်လူနာဌာန၌ တာဝန်ကျဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ အတွင်းလူနာခန်းများတွင် လူနာများ တက်ရောက် ကုသခံယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံဝန်ထမ်းများ၊ ဆေးရုံအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မြွေဆိပ်ဖြေဆေးအပါအဝင် လိုအပ်သည့်ဆေးဝါးများ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများမှ ဗီဇပြောင်း COVID-19 ရောဂါပိုး ဝင်ရောက်မလာနိုင်စေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့ဆေးရုံကြီး ပြည်မြို့ အရေးပေါ်ဌာန၊ ခွဲစိတ်နှင့် အရိုးလူနာဆောင်၊ သားဖွားမီးယပ်ဆောင်နှင့် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တိုးချဲ့အထူးကြပ်မတ်ကုသဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ထမ်းများအတွက် ပညာရှင်ဘွဲ့ချီးမြှင့်ငွေနှင့် ညတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ထောက်ပံ့ပေးသည့် ညစာစားစရိတ်များ ပေးအပ်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ကူးစက်နိုင်သော ရောဂါအန္တရာယ်၊ ဓာတ်ရောင်ခြည်အန္တရာယ် စသည်တို့အတွက် risk allowance ချီးမြှင့်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနက် COVID-19 ရောဂါ ပထမအကြိမ် ကာကွယ်ဆေး မထိုးနှံရသေးသူများနှင့် ဒုတိယအကြိမ် ကာကွယ်ဆေး မထိုးနှံရသေးသူများကို အမြန်ဆုံး ထိုးနှံပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့ပြကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ နေထိုင်ရေးအဆင်ပြေစေရန် အိမ်ရာစီမံကိန်းများ ဖြည့်ဆည်းပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်အဖွဲ့တို့ ပူးပေါင်းပြီး ပြည်သူ့အငှားအိမ်ရာ စီမံကိန်းနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား အငှားအိမ်ရာ စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

### ပူးပေါင်းညှိနှိုင်းဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ နေထိုင်ရေး အဆင်ပြေစေရန် အိမ်ရာစီမံကိန်းများ ဖြည့်ဆည်းပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြလူဦးရေများပြားသည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် အိမ်ရာလိုအပ်ချက်မြင့်မားလာသည့်အတွက် အရောင်းအိမ်ရာ၊ အငှားအိမ်ရာများကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးနေခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်တွင် တိုက် ၂၈ လုံး၊ အခန်း ၄၄၈ ခန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုများကို ယနေ့ လာရောက်ကြည့်ရှုခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းကြီးကြပ်ဆောက်ရွက်နေသည့် Project Management Unit မှ တာဝန်ရှိသူများ၊ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် စီမံကိန်းအချိန်မီပြီးစီးရေး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

### ဆောင်ရွက်ပေးသွားမည်

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေး၊ သန့်ရှင်းသာယာလှပရေးနှင့် အိမ်ရာစီမံကိန်းများတွင် နေထိုင်သည့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ နေထိုင်ရေး အဆင်ပြေစေရေးအတွက် နေပြည်တော်ကောင်စီအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းထိန်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်းများတွင် ကြီးကြပ်သည့် အဆောက်အဦဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ညှိနှိုင်းဆောင်ရွက်ပေးသည်။



### ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက်ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်သူ့အငှားအိမ်ရာ တစ်ခန်းလျှင် ၆၁၄ စတုရန်းပေ အကျယ်ရှိ လေးခန်းတွဲ ငါးထပ်တည်ဆောက်နေမှုနှင့် အခန်းဖွဲ့စည်းထားရှိမှုကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအရာထမ်းများအတွက် အငှားအိမ်ရာ တစ်ခန်းလျှင် စတုရန်းပေ ၆၅၀ အကျယ်ရှိ လေးခန်းတွဲ ငါးထပ် တည်ဆောက်ရေးလုပ်ငန်းများနှင့် အခန်းဖွဲ့စည်းထားရှိမှုကိုလည်းကောင်း၊ တည်ဆောက်ပြီးစီးနေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအငှားအိမ်ရာတွင် နေထိုင်သည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

# ပုလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**ပုလော မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို မေလ ဒုတိယပတ်အတွင်း ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပုလောမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေလုံခြုံမှုရှိစေရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းအတွင်း အပြင် ချုံနွယ်ပိတ်ပေါင်းများ သန့်ရှင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ကျောင်း အတွင်း အပြင် သန့်ရှင်းရေးနှင့် လိုအပ်သည်များကို စုပေါင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် ပလောက်မြို့ နယ်မြေခံတပ်မှ ဒုဗိုလ်မှူးကြီး ရဲလင်းအောင် ဦးဆောင်သော တပ်မတော်သား ၂၈ ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်ဗိုလ်မှူး စောနေလှိုင်၊ ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်ဆန်း ဦးဆောင်သော တပ်ဖွဲ့ဝင် ၂၀၊ မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီး စိုးရဲအောင် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်တပ်ဖွဲ့ဝင် ၁၉ ဦး၊ အထက(၁) ကျောင်းတာဝန်ခံ ဆရာမ ဦးဆောင်သော ဆရာ ဆရာမများ၊ အမှတ်(၂)နှင့် အမှတ်(၄)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ ပုလောမြို့ ကြက်ခြေနီ တပ်ဖွဲ့မှ ဒုတပ်ဖွဲ့မှူး ဦးကျော်ဦး ဦးဆောင်သော အဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း အင်အား ၁၂၀ တို့က စုပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကော့သောင်းခရိုင်ဒေသအတွင်းရှိ ကျွန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျေးရွာအုပ်စုရှိ TZK Co., Ltd မှ ဟိုတယ်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ညောင်ဦးဖီးကျွန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညောင်ဦးဖီးကျွန်းသည် ကမ်းခြေမှ ပေ ၅ဂ ခန့်အကွာတွင် လှပသော ရေအောက် သန္တာကျောက်တန်းများရှိသဖြင့် Snorkeling ပြုလုပ်နိုင်သော Sonrkeling Site ခြောက်ခုရှိပြီး ကျွန်းပေါ်တွင် Trekking ၊ Hiking ပြုလုပ်နိုင်ခြင်းနှင့် ပင်လယ်ပြင်၏ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်သဖြင့် ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များ အမြောက်အမြား လာရောက်လည်ပတ်သည့် ကျွန်းတစ်ခုဖြစ်ကြောင်း သိရသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခက်ရင်းခွကျွန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကျွန်းပေါ်တွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါကျွန်းသည် ကမ္ဘာလှည့် အပျော်စီးသင်္ဘောနှင့် စက်တပ်ရွက်လှေများ နားခိုသော ကျွန်းဖြစ်ခြင်းနှင့် ခရီးသွားဧည့်သည်များ ကျွန်းပေါ်တွင် Hiking ပြုလုပ်နိုင်ခြင်း၊ အောက်ချင်းငှက်များကြည့်ရှုနိုင်သည့်အပြင် ကျွန်း၏ပတ်လည်တွင် Scuba diving ပြုလုပ်နိုင်သည့် Diving ဆိုက်များရှိသောကြောင့် ရေအောက်သဘာဝအလှအပများကို ကြည့်ရှုလေ့လာနိုင်သော ခရီးစဉ်များဆောင်ရွက်နိုင်သည့် နေရာတစ်ခုဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လည်ရွဲလေးလုံးကျွန်းအနီးရှိ Snorkeling Site များ တည်ရှိသောနေရာများအား အမြန်ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင်နှစ်မိုင်ခန့်အကွာတွင် တည်ရှိသော သူဌေးကျွန်းဟိုတယ်ကို ကြည့်ရှုခဲ့ပြီး ကော့သောင်းမြို့ရှိဘုရင့်အငူ၊ ဘုရင့်နောင်ကုန်း၊ ၅၅၅ တောင်ကုန်းသို့ သွားရောက်ကြည့်ရှုခဲ့သည်။ **(ဓါတ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုလုံးတုံးတုံးတံတားနှင့် ကမ်းခြေအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး Victoria Cliff Hotel တွင် ဟိုတယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဟိုတယ်ဝင်းအတွင်းရှိ သီးပင်စားပင်များစိုက်ပျိုးထားသော Organic Farm ကို ကြည့်ရှုလေ့လာသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် မြိတ်ကျွန်းစုဒေသ မြန်မာ့ပင်လယ်ရေပြင်တွင် Snorkeling ပြုလုပ်နိုင်ခြင်း၊ Scuba Diving ပြုလုပ်နိုင်ခြင်း၊ ဒီရေတောများအတွင်း လှေလှော်အပန်းဖြေနိုင်ခြင်းနှင့် ကျွန်းပေါ်ကမ်းခြေများတွင် အနားယူအပန်းဖြေခြင်း စသည့် အဏ္ဏဝါခရီးသွားလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်အပြင် ခရီးသွားဧည့်သည်များအတွက် ရွေးချယ်လည်ပတ်နိုင်စရာ ခရီးစဉ်ဒေသအသစ်များကိုလည်း ရှာဖွေဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❒ ***ရွှေဖုံးမှ***

ယခုဆောင်းခိုရာသီတွင် ဆောင်းခိုငှက်သစ်တစ်မျိုးဖြစ်သော Shear water ငှက်အသစ်ရောက်ရှိလာသောကြောင့် မှတ်တမ်းဝင် စာရင်းပြုစုထားသည်။ ထိုသို့ဆောင်းခိုငှက်များကိုထိန်းသိမ်းကာကွယ်ခြင်းဖြင့် သက်ဆိုင်ရာနိုင်ငံတို့ရှိ ရေဝပ်ဒေသတို့တွင် ပြည်တွင်းပြည်ပခရီးသွားတို့ လေ့လာကြည့်ရှုနိုင်သော အခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်ဖော်ဆောင်လျက်ရှိရာ အပန်းဖြေလေ့လာရာနေရာတစ်ခုအဖြစ် ဝင်ငွေရရှိသောကြောင့် နိုင်ငံတိုင်းတွင် ထိုဆောင်းခိုငှက်တို့ကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သည်။



ဧပြီလမှစ၍ မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ဌာနေရေပျော်ငှက်များဖြစ်သော မယ်ညို၊ ငှက်စလူ၊ ရေဘဲ၊ ဗျိုင်း၊ အော်ရော်ငှက်အပါအဝင် ရေပျော်ငှက်များ အများဆုံးတွေ့ရှိရပြီး တစ်နှစ်ပတ်လုံးကျက်စားနေထိုင်လျက် ရေဝပ်ဧရိယာဖြစ်သောကြောင့် သစ်ပင်ကြီးများမရှိဘဲ မြက်တော၊ ဒိုက်တောနှင့် ကြာမျိုးစုံပေါက်ရောက်လျက်ရှိသည်။ မိုးယွန်းကြီးအင်း ဘေးမဲ့တောဧရိယာမှာ ဧက ၁၅၆၀၀၊ စတုရန်းမိုင် ၄၀ ကျယ်ဝန်းပြီး သစ်တောဦးစီးဌာနမှ ဧက ၃၆၀ အကျယ်တွင် ရွှေပြည်အေးကုမ္ပဏီထံ နှစ်ရှည်ငှားရမ်း၍ အပန်းဖြေစခန်း၊ ကြာမျိုးစုံနှင့် ရေပျော်ငှက်တို့ကို ကြည့်ရှုရန် စက်လှေဖြင့် ဝန်ဆောင်မှုပေးထားသောကြောင့် ထိုငှားရမ်းမှုမှ ဌာနအတွက် နှစ်စဉ်ဝင်ငွေရရှိသည်။

ကိုဗစ်-၁၉ ရောဂါမတိုင်မီက ပြည်တွင်းပြည်ပမှလာရောက်လေ့လာမှုများသော နေရာတစ်ခုဖြစ်ခဲ့ပြီး တစ်နှစ်လျှင် ခရီးသွား ၈၀၀၀၀ ခန့် လာရောက်လည်ပတ်ခဲ့သည်။ ပြည်ပခရီးသွားများအနေဖြင့် နိုင်ငံခြားခရီးသွားနှင့် ငှက်ဝါသနာရှင်များ လာရောက်လေ့ရှိပြီး ပြည်တွင်းခရီးသွားများလည်း အပန်းဖြေလေ့ရှိသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းနှင့်အညီ လာရောက်လေ့လာအပန်းဖြေသူများရှိပြီး ဧပြီလက ခရီးသွား ၂၈၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကာ မိုးယွန်းကြီးအင်းဘေးမဲ့တောဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ ဖြစ်သည်။ ညအိပ်ခရီးစဉ်အနေဖြင့် လည်ပတ်နိုင်ပြီး ပဲခူးမြို့မှ ၄၂ မိုင်အကွာ ပျဉ်ပုံကြီးအလွန် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေး၌ မိုးယွန်းအင်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ဖွင့်လှစ်ထားသည်။

မြန်မာနိုင်ငံတွင်း မျိုးသုဉ်းလုနီးပါးဖြစ်သော ငှက်မျိုးစိတ်တို့ကို အင်းတော်ကြီးအိုင်၊ အင်းလေးကန်အပါအဝင် ရေဝပ်ဒေသတို့၌ ကျက်စားသည့်နည်းတူ ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင်လည်း ဌာနေငှက်များအဖြစ် နေထိုင်လျက်ရှိရာ ထိုအင်းသို့ ကမ္ဘာ့မြောက်ခြမ်းမှ ဆောင်းခိုငှက်များ နှစ်စဉ်လာရောက်ကျက်စားနားခိုခြင်းကြောင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ထားသော မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် မျိုးသုဉ်းလုနီးပါး ငှက်မျိုးစိတ်အပါအဝင် ဌာနေရေပျော်ငှက်နှင့် ဆောင်းခိုငှက်မျိုးစိတ်ပေါင်း ၁၇၂ မျိုး ရှင်သန်ကျက်စားလျက် အပန်းဖြေခရီးစဉ်နှင့် ငှက်ဝါသနာရှင်တို့ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ထားကြောင်း သိရသည်။ **ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**

# သတိပြုစွာ စားသုံးသင့်သည့် စားသုံးဆီ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ဘီစီ ၂၅၀၀၀၀ ခန့်က လူသားများက မီးကို စတင်တွေ့ရှိခဲ့ပြီး မီးကိုအသုံးပြုခဲ့ကြရာ မိမိတို့ စားစရာများကို မီးနှင့်ချက်ပြုတ်တတ်လာကြသည်။ ထိုသို့ ချက်ပြုတ်ကြချိန်နှင့် မရှေးမနှောင်းမှာပင် စားသုံးဆီတစ်မျိုးမျိုးကိုပါ စတင်အသုံးပြုလာနိုင်သည်ဟု ပညာရှင်များ ခန့်မှန်းကြပါသည်။ မူလက သားကောင်များကို ကင်စားကြပြီး ယင်းမှထွက်လာသော ဆီများသည် ချက်ပြုတ်ရာတွင် သုံးနိုင်သည်ကို တွေ့ရှိပြီး ဆီဖြင့်ချက်ပြုတ်သည့် အလေ့အထ ဖြစ်ပေါ်လာကြမည်ဖြစ်သည်။ ရှေးမြန်မာတို့က လည်း ဆီကိုနှစ်သက်စွာ သုံးလေ့ရှိကြသည်။ ရှေးမြန်မာမင်းများ လက်ထက်ကပင် "ဆီရွှဲ ဖွဲတောင် ဟင်းဖြစ်" ဟု ဆိုကြပါသည်။ ဆီကောင်းကောင်းရွှဲရွှဲနှစ်နှစ်ဆမ်းစားပါက ဖွဲသည်ပင် ဟင်းတစ်ခွက်ဖြစ်နိုင်သည်ဟု ဆိုကြခြင်းဖြစ်သည်။ ယခုအခါ စားသုံးဆီတို့သည် အလွန်အရေးပါသော အခန်းမှာပါဝင်နေပြီး မရှိမဖြစ် ဆီမရှိ ဟင်းမဖြစ်သည့်အခြေအနေ ရောက်နေပါသည်။ စားသုံးဆီများဆိုသည်မှာ ချက်ကြော်လှော်ရာတွင် သုံးရန်သင့်လျော်သည့် အပင်များမှရသော အဆီနှင့် တိရစ္ဆာန်များမှရသောအဆီတို့ ဖြစ်ကြသည်။ ထို့ပြင် synthetic oil ခေါ် ဓာတုဗေဒနည်းများဖြင့် ပြုပြင်ဖန်တီးထားသည့် ဆီမျိုးများ စားသုံးဆီအချို့ကို hydrogenation နည်းကို သုံးပြီး ပြည့်ဝပျစ်ခဲသော (Trans Fatty Acids) ခေါ် အကြော်ခံဆီမျိုးများလည်း ရှိသေးသည်။ အများစုမှာ တိရစ္ဆာန်မှရသည့် ဆီ၊ အပင်မှရသည့်ဆီများကို စားသုံးလေ့ရှိကြသည်။ ဆီကို ချက်ပြုတ်ကြော်လှော်ရာတွင်မက စားစရာများမှာပါ ဆီဆမ်းစားကြသည်လည်း ရှိသည်။ ဒေသလူမျိုး အသီးသီးကို လိုက်ပြီး ဆီစားသုံးမှုပုံစံများ ရှိနေကြပါသည်။ စားသုံးဆီတို့သည် လူကို အကျိုးပြုသလို လိုအပ်သည်ထက် ပိုမိုခြင်း၊ လျော့နည်းခြင်းတို့ဖြစ်ပါက လူကို အန္တရာယ်ပေးနိုင်ပါသည်။ အထူးသဖြင့် စားသုံးဆီအမျိုးမျိုးတို့ကို အလွန်အကျွံသုံးစွဲနေမှုများကို အလေးထားသတိပြုဆင်ခြင်ကြရန်ကား အရေးကြီးလှပါသည်။



❖ **ကိုလက်စထရောအဆီသည် ရှိသင့်သည့်ပမာဏမှာ ရှိနေသင့်သလို ယင်းတွင်ပါဝင်သော ဖော်ပြပါ အဆီပရိုတင်းဓာတ်နှင့် အဆီမော်လီကျူးဓာတ်တို့ကလည်း ရှိသင့်သလောက် မျှတစွာရှိနေမှ ကျန်းမာသက်ရှည်မည်ဖြစ်ပါသည်။ မိမိတို့စားသုံးလိုက်သောဆီများသည် မိမိတို့၏ ကျန်းမာရေးကို ကြီးမားစွာ လွှမ်းမိုးနေခြင်းဖြစ်သည်ကို သတိပြုရန်လိုအပ်**

### အဆီဓာတ်

ဆီအမျိုးမျိုးတို့တွင်ပါဝင်သော အဆီဓာတ် (Lipids) တို့သည် ကာဘိုဟိုက်ဒရိတ်(ကဆီဓာတ်၊ ပရိုတင်း(အသားဓာတ်)၊ ဗီတာမင်(သက်စောင့်ဓာတ်များ) စသည်တို့ကဲ့သို့ပင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်ဖြစ်ပါသည်။ အဆီဓာတ်က အင်အားဓာတ်ကို ထုတ်ပေးပါသည်။ စားသုံးဆီ တစ်ဂရမ်စားသုံးပြီးပါက အင်အားဓာတ်(စွမ်းအင်) 9 Kal/gm ကိုးကယ်လိုရီ ထုတ်ပေးရာ ယင်းကို နေ့စဉ်လှုပ်ရှားသွားမှုများတွင် သုံးရပါသည်။ ကဆီဓာတ် တစ်ဂရမ်က လေးကီလို၊ အသားဓာတ်တစ်ဂရမ်က လေးကီလိုသာ ထုတ်ပေးနိုင်ပါသည်။ အဆီဓာတ်များသည် ထိုမျှသာမက ဗီတာမင်များ (ဗီတာမင်အေနှင့်အီး)၊ phytochemicals ခေါ် အပင်များမှ ထွက်သည့် အကျိုးပြုဒြပ်ပေါင်းများကို အစာလမ်းကြောင်းက စုပ်ယူနိုင်အောင် ကူညီပေးပါသည်။ သွေးအတွင်းတွင် အဆီဓာတ်ရှိမှလည်း ဗီတာမင်များ၊ ဟော်မုန်းများ၊ သတ္တုဓာတ်စသည်တို့ကို သယ်ယူပို့ဆောင်နိုင်ပါသည်။ ထို့ပြင် ဆဲလ်များ တည်ဆောက်ခြင်း၊ ဟော်မုန်းများ ထုတ်လုပ်ခြင်း၊ ခန္ဓာကိုယ်၏ ဇီဝယန္တရားများ လည်ပတ်ရာတွင်လည်း အဆီဓာတ်များ မရှိမဖြစ် လိုအပ်ပါသည်။ ထို့ကြောင့် အဆီဓာတ်ကို စားသုံးရန် လိုအပ်ပါသည်။ သို့သော် လိုအပ်သည်ထက်ပိုမိုလျှင်မူကား ကြီးမားသော အန္တရာယ်များ ပေးနိုင်သည်ကို သတိပြုရပါမည်။

### ကိုလက်စထရော

ရှေးဂရိစကား chole(bile) နှင့် stereos(solid) အပြင်- ol(alcohol)စသည်တို့ ပေါင်းထားသည့် အခေါ်အဝေါ်တစ်ခုဖြစ်သည်။ လူ့ခန္ဓာကိုယ်တွင်းရှိ စေးပျစ်ပျစ် အဆီတစ်မျိုးဟု ဆိုရပါမည်။ အရောင်အနံ့မရှိသည့် ဆီဓာတ်ဖြစ်သည်။ ကိုလက်စထရောသည် သွေးထဲမှာသာမက ဆဲလ်တိုင်း၏ အကာပြင်လွှာ (cell maebrane)၊ ဦးနှောက်နှင့် အသည်းတို့မှာလည်း တည်ရှိနေပါသည်။ ယင်းသည် ထိုဆဲလ်များ တည်ဆောက်ရာတွင် အရေးပါသလို Testorone,Estrogen စသည့် ဟော်မုန်းများ တည်ဆောက်ခြင်း၊ သည်းခြေရည်နှင့် ဗီတာမင်ဒီတို့ တည်ဆောက်ရာတွင်လည်း မရှိမဖြစ် လိုအပ်သည့် အဆီဓာတ်ဖြစ်ပါသည်။

ကိုလက်စထရောကို အစားအစာများ- အမဲ၊ ဝက် စသည့်အသားများ၊ ဥမျိုးစုံ၊ နို့နှင့် နို့ထွက်ပစ္စည်းများ စသည်များ စားသုံးခြင်းမှ ရရှိပါသည်။ အပင်များ၊ အသီးအရွက်များမှ မရရှိပါ။ လူ့အသည်းကလည်း အစားအစာများထဲမှာပါဝင်သော ပြည့်ဝအဆီများကို ကုန်ကြမ်းအဖြစ်သုံးပြီး ကိုလက်စထရောကို ထုတ်လုပ်ပေးပါသည်။

အဆီမော်လီကျူးတို့တွင် အောက်ဆီဂျင်၊ ကာဗွန်နှင့်၊ ဟိုက်ဒရိုဂျင်အက်တမ်တို့ ပူးပေါင်းဖွဲ့ထားပါသည်။ ထိုအဆီမော်လီကျူးတို့တွင် အက်တမ်သုံးမျိုးလုံး အပြည့်တည်ဆောက်ထားပါက ပြည့်ဝအဆီ (saturated fat) ဖြစ်သွားပြီး မပြည့်ပါက unsaturated fat ခေါ် မပြည့်ဝအဆီ၊ အက်တမ်တစ်ခုသာ လွတ်နေပါက mono-unsaturated fat ခေါ် မိုနိုမပြည့်ဝဆီ အက်တမ်နှစ်နေရာနှင့် အထက်လွတ်နေပါက poly-unsaturated fat ပေါ်လီမပြည့်ဝဆီဟု မှတ်ယူနိုင်ပါသည်။ ပြည့်ဝဆီတို့သည် ကျန်းမာရေးကို ထိခိုက်စေပြီး မပြည့်ဝဆီတို့ကမူ ကျန်းမာရေးအတွက် ကောင်းစွာ အကျိုးပြုပါသည်။

ကိုလက်စထရောအဆီဓာတ်တွင် ပါဝင်သော အသွင်မတူသည့် အဆီဓာတ်သုံးမျိုးတို့ကို တွေ့ရပြီး ယင်းတို့သည် လူ၏ကျန်းမာခြင်း၊ မကျန်းမာခြင်းတို့အပေါ် ထိရောက်စွာ လွှမ်းမိုးထားနိုင်ကြောင်း တွေ့ရှိရပါသည်။

ကိုလက်စထရောကို လေ့လာရာတွင် ယင်း၏ ပါဝင်မှုနှင့် ယင်းတွင်ပါဝင်နေသော အဆီဓာတ်များကိုပါတိုင်းမှ ပြည့်စုံပါသည်။ ယင်းကို lipid profile ဟုခေါ်ပြီး နံနက်အစာမစားမီ သွေးဖောက်စစ်ဆေးလေ့ရှိပါသည်။ Lipid profile တွင် မိမိသွေးထဲရှိ စုစုပေါင်း ကိုလက်စထရောပမာဏ (total cholesterol)ကို ဦးစွာစစ်ဆေးပါသည်။ ပုံမှန်<200mg/dl ရှိရပြီး <140mg/dl ရှိပါက နည်းနေသည်ဟု မှတ်ရပါမည်။

ထို့နောက် သွေးထဲရှိ ကိုလက်စထရောများကို သယ်ဆောင်ပို့ပေးသော ပရိုတင်းဓာတ်များ lipoprotein များကို လေ့လာရပါသည်။ ထို lipoprotein တို့၏ သိပ်သည်းဆပေါ် မူတည်ပြီး သိပ်သည်းဆနည်းသည့် Low Density Lipoprotein(LDL)၊ သိပ်သည်းဆများသော High Density Lipoprotein (HDL) နှစ်မျိုး တွေ့ရပါသည်။ LDL က ကိုလက်စထရောများကို သွေးကြောနံရံများမှာစုပုံပြီး သွေးကြောများကို ကျဉ်းမြောင်းစေပါသည်။ နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ဆို့ခြင်း၊ လေဖြတ်ခြင်း နောက်ဆုံးအသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ယင်းကို မကောင်းသော အဆီဓာတ် Bad Cholesterol ဟု ခေါ်လေ့ရှိပါသည်။ သာမန်အားဖြင့် 130mg/dl ထက် နည်းနေသင့်ပါသည်။ 160mg/dl ထက်ပိုလျှင် ဒုက္ခပေးနိုင်ပါသည်။

HDL က သွေးအတွင်းရှိ မလိုအပ်သော ကိုလက်စထရောများကို အသည်းဆီပို့ကာ ဖျက်ဆီးပေးပါသည်။ ထို့ကြောင့် ကောင်းကျိုးပြုအဆီဓာတ်ဟု ခေါ်ပါသည်။ သာမန်အနည်းဆုံး 35mg/dl ရှိသင့်ပြီး 50mg /dl အထက်ရှိပါက ပိုသင့်လျော်ပါသည်။ 35mg/dl ထက်နည်းနေပါက ဖျက်ဆီးရန်လိုသည့် ကိုလက်စထရောများ စုပုံလာကာ သွေးကြောများ ပိတ်ဆို့လာမည်ဖြစ်သည်။

ထိုအဆီဓာတ်နှစ်မျိုးအပြင် Triglyceride(TGL) ခေါ် အဆီဓာတ်ကို စစ်ဆေးရပါသည်။ ယင်းသည် အဆီမော်လီကျူးသုံးခုနှင့် Glycerol molecule တစ်ခုတို့ ပေါင်းထားသည့် အဆီဓာတ်ဖြစ်သည်။ ပုံမှန် 200mg/dl သာ ရှိသင့်ပါသည်။ ထိုထက်ပိုများပါက လည်ပင်း၊ ကုပ်ပိုး၊ ဗိုက်သားတို့တွင် အဆီများစုကာ လူဝကြီးများ အရုပ်ဆိုးစေတတ်သောကြောင့် The Ugly Cholesterol ဟု ခေါ်ပါသည်။ ထို့ကြောင့် HDL,LDL,Triglyceride တို့ကို The Good,The Bad and the Ugly ဟု တင်စားခေါ်ကြပါသည်။

ကိုလက်စထရောအဆီသည် ရှိသင့်သည့်ပမာဏမှာ ရှိနေသင့်သလို ယင်းတွင်ပါဝင်သော ဖော်ပြပါ အဆီပရိုတင်းဓာတ်နှင့် အဆီမော်လီကျူးဓာတ်တို့ကလည်း ရှိသင့်သလောက် မျှတစွာရှိနေမှ ကျန်းမာသက်ရှည်မည်ဖြစ်ပါသည်။ မိမိတို့စားသုံးလိုက်သော ဆီများသည် မိမိတို့၏ ကျန်းမာရေးကို ကြီးမားစွာ လွှမ်းမိုးနေခြင်းဖြစ်သည်ကို သတိပြုရန် လိုအပ်ပါသည်။

ကိုလက်စထရောအဆီဓာတ် နည်းနေပါကလည်း သွေးယိုခြင်းများ၊ နာတာရှည်အသက်ရှူလမ်းကြောင်း ပိတ်ဆို့ခြင်း၊ စိတ်ကျခြင်း စသည်တို့ ဖြစ်လွယ်ကြောင်း မှတ်သားမိဖူးပါသည်။ ကိုလက်စထရောကထုတ်လုပ်သော 5-Hydroxytryptaemine ခေါ် (serotonin) ဆီရိုတိုနင်ဓာတ်နိမ့်ကျပါက စိတ်ကျခြင်း၊ မိမိကိုယ်ကိုယ် အဆုံးစီရင်ခြင်းများအထိ ဖြစ်စေတတ်ကြောင်း သိရပါသည်။ ထို့ကြောင့် မလျော့မများ မျှတနေဖို့ အရေးကြီးပါသည်။

### ဆီစားသုံးမှုများခြင်းကြောင့် ဖြစ်ပွားတတ်သည့် ကျန်းမာရေးပြဿနာများ

နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများ (နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း စသည်များ)၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ ကိုယ်တွင်းအင်္ဂါများတွင် အဆီဓာတ်များ စုပုံလာခြင်း၊ သွေးကြောများပိတ်ဆို့လာခြင်း၊ လေဖြတ်ခြင်းများ၊ ကင်ဆာရောဂါများ၊ ဆီးချိုနှင့် သွေးတိုးရောဂါများ ပိုမိုဆိုးရွားလာစေခြင်း စသည်တို့အပြင် အခြားသော ထိခိုက်ဖွယ်များစွာ တွေ့ကြုံလာစေနိုင်ပါသည်။

### ကျန်းမာသက်ရှည်ရေးအတွက် ဆောင်ရွက်သင့်သည်များ

၁။ ဆီစားသုံးမှု သင့်အောင်ရှိပါ၊ တိရစ္ဆာန်အဆီများ(ပြည့်ဝအဆီများ) ရှောင်ပါ။

၂။ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်လုပ်ပါက LDL ကျဆင်းစေပြီး HDL တက်လာစေနိုင်ပါသည်။ နေ့စဉ် အနည်းဆုံးမိနစ် ၃၀ မျှ မိမိနှင့် သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုများကို မှန်မှန်လုပ်ပါ။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာနကို ကွင်းဆင်းကြည့်ရှု



နေပြည်တော် မေ ၁၆

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းသည် ယနေ့ နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာနကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။** (ယာပုံ)

ရှေးဦးစွာ တာဝန်ရှိသူများက ဖန်ခါးမြေကုန်သွယ်မှု ဇဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် မကွေးတိုင်းဒေသကြီးအတွင်းထွက်ရှိသည့် ဒေသထုတ်ကုန်များကို အသေးစိတ်လိုက်လံရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဇဟိုဌာနကို အခြေပြု၍ ဒေသတွင်းကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ ပြည်ပဈေးကွက် ဝယ်လက်များနှင့် ချိတ်ဆက်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လုပ်ငန်းညွှန်ကြားမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**တောင်ကြီး မေ ၁၆**

၂၀၂၁ ခုနှစ် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် လားရှိုးခရိုင်အသင်းနှင့် မူဆယ်ခရိုင်အသင်း ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်အလိုက် အသက်(၂၁)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲတွင် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်၊ မိုးမိတ်ခရိုင်၊ ကျိုင်းတုံခရိုင်၊ တာချီလိတ်ခရိုင်၊ မိုင်းဆတ်ခရိုင်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပအိုဝ်း/ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၁၆ ရက်မှ ၃၀ ရက်အထိနှင့် တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကျောက်ဆည်မြို့၌ အခြေခံကျောင်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်

**ကျောက်ဆည် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ယနေ့ နံနက် ၈ နာရီက အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ တပ်မတော်သားများနှင့် ကျောင်းအကျိုးတော်ဆောင်များစုပေါင်း၍ ကျောင်းဝင်းသန့်ရှင်းရေးနှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သည်။

ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၈၆ ကျောင်းရှိပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံမှုများကို မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြုလုပ်သွားမည်ဖြစ်ကာ ကျောင်းအပ်လက်ခံရာတွင် အခကြေးငွေတစ်စုံတစ်ရာကောက်ခံမှု လုံးဝမရှိကြောင်း သိရှိရသည်။

**သက်မောင် (ကျောက်ဆည်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၉) ကော်လံ (၂)ပါ ပဲအမျိုးမျိုး တန် ၁၁၁၂၉၆၃ **အစား** တန် ၁၁၁၂၉၆၂ ဖြင့် လည်းကောင်း၊ ကော်လံ (၄) ပါ တန် ၃၄၄၅၈၁၀ **အစား** တန် ၁၃၄၂၅၄၀ ဖြင့် လည်းကောင်း၊ စုစုပေါင်း ၅၅၅၂၆၇၅ တန် **အစား** ၃၄၄၉၄၀၅ တန်ဖြင့် လည်းကောင်း အစားထိုးပြင်ဆင်ဖတ်ရှုပါရန်။

*စာမျက်နှာ ၆ မှ*

ယင်းသည် မကောင်းသောအဆီများ ကျဆင်းစေရုံမက အထွေထွေကျန်းမာရေးကို များစွာ အထောက်အကူပြုပါသည်။

၃။ မိမိ၏ ကိုယ်အလေးချိန်ထိန်းပါ။ လိုအပ်သည်ထက် အလေးချိန်များလာပါက TGL များလာရုံမက LDL ပါများလာပြီး HDL ကျသွားနိုင်ပါသည်။

၄။ ဆေးလိပ်မသောက်သင့်ပါ။ ဆေးလိပ်သောက်ခြင်းကြောင့် HDL အဆီကောင်းများ ပျက်စီးသွားစေနိုင်ပါသည်။

၅။ ဘီယာ၊ အရက်တို့ကြောင့် TGL များ တက်လာစေနိုင်ပါသည်။ ဘီယာဗိုက်ဟု ခေါ်ကြခြင်းမှာ ဘီယာအသောက်များပါက ဗိုက်မှာ TGL အဆီများ စုပုံလာခြင်းကြောင့် ဖြစ်သည်။ "ဘီယာသောက် ဘဲကင်စား၊ ဘူးသီးကြော်ဝါး" ဘ သုံးလုံးဆောင်ပါက ဗိုက်ပူလာတော့မည်ဖြစ်သည်။ ဥရောပသားတို့၏ ဗိုက်ခါးလုံးပတ်သည် ၁၀၂ စင်တီမီတာ (၄၀လက်မ)၊ အမျိုးသမီးတို့က ၈၈ စင်တီမီတာ (၃၇ လက်မ) ထက်များလျှင် ဗိုက်ရွဲလာပြီဟု ဆိုကြသည်။ အာရှတိုက်သားတို့အတွက်မူ အမျိုးသား ၉၄ စင်တီမီတာ(၃၇ လက်မ)၊ အမျိုးသမီး ၈၀ စင်တီမီတာ(၃၁ ဒသမ ၅ လက်မ) ဟု သတ်မှတ်ကြောင်း သိရပါသည်။ Body Mass Index(BMI) ရှိသင့်သည့် အရပ်နှင့် ကိုယ်အလေးချိန်အချိုးသည် ၂၃-၂၅ ကြား လူလတ်ပိုင်းအမျိုးသမီးတို့သည် BMI ၂၃ အောက်ရှိသူတို့ထက် နှလုံးသွေးကြောကျဉ်းမှု ၅၀ ရာခိုင်နှုန်း ပိုလာနိုင်သည်။ BMI ၂၅-၂၉ ကြားရှိ အသက် ၄၀ မှ ၆၅ နှစ်အရွယ် အမျိုးသားတို့သည် BMI ၂၅ အောက်ရွယ်တူတို့ထက် နှလုံးသွေးကြောကျဉ်းမှု ၇၂ ရာခိုင်နှုန်းပိုလာသည်ဟုလည်း လေ့လာမှုတစ်ခုအရ တွေ့ရပါသည်။

၆။ ဆီးချိုရောဂါသည်တို့တွင် TGL,LDL တို့ တက်လာနိုင်သဖြင့် ထိရောက်စွာ ကုသသင့်ပါသည်။

### စားသုံးသင့်သည်များ

ပဲအမျိုးမျိုး၊ ကွေကာအုပ်၊ ပန်းသီး၊ ဂေါ်ဖီထုပ်၊ သံလွင်ဆီ၊ ပဲဆီ၊ နှမ်းဆီ၊ သစ်ကြားသီး၊ ကြက်သွန်ဖြူ/နီ၊ ပင်လယ်ထွက်အစားအစာများ အထူးသဖြင့် ငါးများ၊ အခွံမာရေသတ္တဝါများ စသည် ဗီတာမင်စီ၊ ဘီတာ ကယ်ရိုတင်းဓာတ်များ ပါဝင်သော ဟင်းသီးဟင်းရွက်များ၊ ပျော်ဝင်ဖိုက်ဖာဓာတ် soluble fibre အမျှင်များပါဝင်သော အနှံများ စသည်တို့ ဖြစ်ပါသည်။

### လိုအပ်သောဆီစားသုံးမှု

ကျန်းမာရေးဦးစီးဌာန (အာဟာရဌာနခွဲ)မှ ထုတ်ပြန်ထားသော မြန်မာနိုင်ငံသားတို့ စားသုံးသင့်သည့် ဆီပမာဏကို ဖော်ပြလိုပါသည်။

၁။ အသက် ၁ နှစ်မှ ၃ နှစ်-တစ်နေ့တာအတွက် စားသုံးဆီပမာဏ ၁ ဒသမ ၂၅ ကျပ်သား။

၂။ ၄ နှစ်မှ ၆ နှစ်-၁ ဒသမ ၅၀ ကျပ်သား။

၃။ ၇ နှစ်မှ ၉ နှစ်- ၂ ကျပ်သား။

၄။ ၁၀ နှစ်မှ ၁၂ နှစ်- ၂ ကျပ်သား။

၅။ ၁၃ နှစ်မှ ၁၉ နှစ်- ၃ ဒသမ ၅၀ ကျပ်သား။

၆။ အမျိုးသား(လူကြီး)- ၂ ကျပ်သား။

၇။ အမျိုးသမီး(လူကြီး)- ၁ ဒသမ ၅၀ ကျပ်သား။

၈။ ကိုယ်ဝန်ဆောင် မိခင်လောင်း-၂ ကျပ်သား

နိုင်ငံသားအားလုံးသည် စားသုံးသူပြည်သူများ ဖြစ်ကြပေသည်။ စားသုံးဆီကို လိုသလောက်သာ သုံးစွဲခြင်းဖြင့် ကျန်းမာသန်စွမ်းသော နိုင်ငံသားများအဖြစ် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဆောက်ရွက်နိုင်ကြပေမည်။ စားသုံးဆီများကို သတိပြုဆင်ခြင်နိုင်ကြခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

**ကိုးကား-** Foods that good health,Foods that harm health(A-z health guide..Readers Digest.

စားသုံးဆီနှင့် ကျန်းမာရေး (စားသုံးသူရေးရာဦးစီးဌာန)။

သဘာဝအစားအစာနှင့် ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်- FAME)

နှလုံး၊ သွေးကြောရောဂါများအတွက် မှန်ကန်သော စားသောက်နည်း (ဒေါက်တာလှကြည်)။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် မေ ၁၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၅/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ ပဉ္စမကြိမ်မြောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများအားလုံး၊ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်သူများအားလုံး၊ အထောက်အကူပြုပုဂ္ဂိုလ်များအားလုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် အွန်လိုင်းကကြည့်ရှုနေကြသည့် မိဘပြည်သူများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆန္ဒပြုပါကြောင်း ပြောကြားသည်။

### နံပါတ်တစ်အနေဖြင့်

ယနေ့ သတင်းစာရှင်းလင်းပွဲတွင် အဓိကပြောကြားသွားမည့် အကြောင်းအရာများမှာ နံပါတ်တစ်အနေဖြင့် မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍဆိုင်ရာ လုပ်ဆောင်ချက်များ၊ နံပါတ်နှစ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဧပြီလအတွင်း လုပ်ဆောင်ချက်များ၊ နံပါတ်သုံးအနေဖြင့် NUG , CRPH တို့ကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခဲ့သည့်ကိစ္စ၊ နံပါတ်လေးအနေဖြင့် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများ ဖော်ထုတ်ရရှိမှု၊ နံပါတ်ငါးအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဆိုင်ရာ ကိစ္စရပ်များဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူက ရှင်းလင်းတင်ပြပြီးနောက် ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းနိုင်ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဆက်လက်ရှင်းလင်းဖြေကြားသွားမည်ဖြစ်ကြောင်းနှင့် မိမိမှ အမေးအဖြေကဏ္ဍများကို ဖြေကြားသွားကြောင်း ပြောကြားသည်။

### အနှစ်(၃၀) နှစ်ရှည်စီမံကိန်းချမှတ်

ပထမဦးစွာ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ "ဘဝဆိုတာ တိုက်ပွဲ"လို့ လူ့ဘဝနှင့် ပတ်သက်ပြီး ဆိုရိုးစကားတစ်ခုရှိပါကြောင်း၊ မိမိတို့ အသက်ရှင်နေထိုင်ရေး၊ ဘဝအဆင့်မီမီနေနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့စဉ်နဲ့အမျှ ကြိုးစားရပါကြောင်း၊ ရုန်းကန်လှုပ်ရှားရပါကြောင်း၊ လူတစ်ဦးချင်းဘဝ၊ မိသားစုဘဝအတွက်ကိုပင် ယခုလို တင်စားခေါ်ဝေါ်ကြပါကြောင်း၊ တစ်ဦးချင်းဘဝ၊ မိသားစုဘဝပင် ယင်းသို့ဆိုပါက နိုင်ငံတစ်နိုင်ငံ၏ဘဝ၊ မိမိတို့နိုင်ငံ၏ဘဝဆိုလျှင် ဆိုဖွယ်မရှိပါကြောင်း၊ ယနေ့ ကမ္ဘာပေါ်တွင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေရ၊ ယှဉ်ပြိုင်နေရ၊ တိုက်ပွဲဝင်နေကြရပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက ၎င်းတို့၏ အားသာချက်အသီးသီးကို ကိုင်ဆွဲပြီး အမျိုးသားအကျိုးစီးပွားကို အကောင်အထည် ဖော်ဆောင်ကြပါကြောင်း၊ မည်သို့ပင်ဖြစ်စေ အားလုံးက လက်ခံထားသည်မှာ နိုင်ငံတိုင်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် အဓိကအရင်းအမြစ်သည် လူသားအရင်းအမြစ် (Human Resources) ဆိုသည်ကို လက်ခံကြပါကြောင်း၊ လူသားအရင်းအမြစ်ဆိုသည်မှာ " ပညာ " အပေါ် အဓိက မူတည်သည်ကို သိကြသဖြင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြကြောင်းကို တွေ့ကြရမှာဖြစ်ပါကြောင်း၊ ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကထား လုပ်ဆောင်ကြပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ပညာရေးနှင့် ပတ်သက်ပြီး အမျိုးသားလူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျထိရောက် ပီပြင်စွာ ပြုစုပျိုးထောင်နိုင်ရန်အတွက် အခြေခံပညာရေးကဏ္ဍကို အနှစ် (၃၀) နှစ်ရှည်စီမံကိန်း ချမှတ်ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၁-၂၀၀၂ ပညာ သင်နှစ်မှ သည် ၂၀၃၀-၂၀၃၁ ပညာသင်နှစ်အထိ ဖြစ်ပါကြောင်း၊ ယင်းနှစ် ၃၀ နှစ်ရှည်စီမံကိန်းတွင်ပဲ အစိုးရအဆက်ဆက်က နှစ်တိုစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်အစိုးရလက်ထက်တွင်လည်း ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၅ နှစ်စာကို ချမှတ်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအတွက် ဥပဒေမူဘောင်ဆိုင်ရာ အခြေခံတစ်ရပ်ကို ချမှတ်ထားပါကြောင်း၊ ပုဒ်မ ၂၈ အရ "နိုင်ငံတော်သည်-

(က) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထား ဆောင်ရွက်ရမည်။

(ခ) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်။

(ဂ) အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်။

(ဃ) ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တ ကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း။

အခြေခံဥပဒေ ပုဒ်မ ၃၆၆ အရ " နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနဲ့အညီ-

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။

(ဂ) သိပ္ပံပညာ စူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာ ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ် ရေးသားမှုနှင့် ယဉ်ကျေးမှု ကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြုဖော်ထုတ် ဆောင်ရွက်ခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားပါကြောင်း။

### အကျိုးကျေးဇူးများရခဲ့

မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသည့် ပြောင်းလဲမှုအဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ထိုဥပဒေပိုမိုခိုင်မာစေရန်အတွက် ၂၀၁၅ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထိုဥပဒေများအရ နိုင်ငံသားတိုင်း၏ အခြေခံပညာဆည်းပူးနိုင်သည့် အခွင့်အရေးနှင့် အခမဲ့မသင်မနေရမူလတန်းပညာရေးကို အသိအမှတ်ပြုထားခြင်း၊ ပညာအရည်အသွေးအာမခံစနစ်တစ်ရပ်တည်ထောင်ရန် ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ အခြေခံပညာသင်ကာလကို ၁၃နှစ် (Kg+12) အထိ တိုးမြှင့်ထားခြင်း၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို သင်ယူရာတွင် အထောက်အပံ့ပေးခြင်း၊ ပညာရေးစနစ်ကို ဗဟိုမှချုပ်ကိုင်မှုလျှော့ချရေးကို ဦးတည်ခြင်းစတဲ့ အကျိုးကျေးဇူးများရခဲ့ပါကြောင်း၊ လက်ရှိ မိမိတို့ကျင့်သုံးနေသည့် စနစ်များသာဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံအနေဖြင့် COVID-19 ကမ္ဘာ့ကပ်ရောဂါကာလတွင် ကမ္ဘာ့နိုင်ငံများနည်းတူ စာသင်ကျောင်းများ ပိတ်ထားရပါကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာ/ဆရာမ၊ နိုင်ငံတော် လေးဦးလေးဖလှယ် နစ်နာရပါကြောင်း၊ ကာယကံရှင် ကျောင်းသား၊ ကျောင်းသူများ တစ်နှစ်ပညာသင်ခွင့်၊ တစ်နှစ်လုပ်ငန်းခွင်ဝင်ခွင့် နောက်ကျသကဲ့သို့ မိဘများအနေဖြင့်လည်း တစ်နှစ်အချိန်နောက်ကျပါကြောင်း၊ ဆရာ၊ ဆရာမများ

*စာမျက်နှာ ၉ သို့*



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အတွင်းအပြင် သန့်ရှင်းရေးပြုလုပ်နေစဉ်။

**❒ ကျောင်းများ ပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များလိုအပ်၊ ထို့ကြောင့် ပညာရေးနဲ့ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်ဖြစ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လို၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများလုပ်ဆောင်နေမှုသည် နိုင်ငံအား ဖျက်ဆီးနေခြင်းပင်ဖြစ်၊ မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများ ဒုက္ခရောက်အောင်လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့် လုပ်ဆောင်ချက်ပင်ဖြစ်၊ ယခုသင်ကြားနေသည့် ပညာရပ်များသည် ယခင်အစိုးရများမှ ချမှတ်ထားသည့် အမျိုးသားပညာရေးမူဝါဒအတိုင်းသာ သင်ကြားပေးနေခြင်းဖြစ်**

*စာမျက်နှာ ၈ မှ*

အနေဖြင့်လည်း တစ်နှစ်ပညာသင်ပေးခွင့်၊ မိမိကိုယ်တိုင် မျှဝေခွင့်နစ်နာခဲ့သလို နိုင်ငံတော်အနေဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးနောက်ကျရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်တာဝန် စတင်ယူချိန်မှစပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းခဲ့ပါကြောင်း၊ ယခုဆိုလျှင် ပြီးခဲ့ သည့် ၅ ရက်နေ့ကစပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံပါရဂူဘွဲ့၊ မဟာဘွဲ့နှင့် နောက်ဆုံးနှစ်သင်တန်းများ စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ အခြေခံပညာကျောင်းများကို နောက်လ ဇွန်လ ၁ ရက်နေ့တွင် ပုံမှန်စာသင်နှစ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ယခုလ မေလ ၂၄ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ ကျောင်းအပ်နှံရေးအတွက် "မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်"၊ "ကျောင်းအပ်နှံရေးအစီအစဉ်"၊ "ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ"ကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ၊ သတင်းစာများတွင် နေ့စဉ်ဖော်ပြလျက်ရှိပါကြောင်း၊ အရေးပါသည့်အချက်များကိုထုတ်နုတ်ပြောကြားလိုပါကြောင်း၊ ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေး ငွေမျှကောက်ခံခြင်း၊ လက်ခံခြင်းမပြုရန်၊ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေး အားလုံးကပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်၊ အဆိုပါအချက်သည် အရေးကြီးသည့် အချက်တစ်ခုဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးနှင့်ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်စတင် ထမ်းဆောင်စဉ်ကတည်းက ပညာရေးနှင့်ပတ်သက်ပြီး မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်သားများ ပညာရည်မြင့်မားရေး၊ တပ်မတော်သားမိသားစုဝင်များ ပညာရည်မြင့်မားရေး ဆောင်ရွက်ခဲ့သလို နှစ်စဉ် ပညာရည်ထူးချွန်ဆုများချီးမြှင့်ပေးရာတွင် မြန်မာနိုင်ငံတွင် နှစ်စဉ် ကျောင်းထွက်နှုန်း များပြားမှုများကို မူလတန်းမှ အလယ်တန်းကို ကူးပြောင်းသည့်အခါ မည်မျှသာ တက်ရောက်ကြောင်း၊ အထက်တန်းကို ထပ်မံကူးပြောင်းသည့်အခါ မည်မျှသာ တက်ရောက်ခဲ့ကြောင်းနှင့် တက္ကသိုလ်ပညာဝင်ခွင့်လျှောက်ထားသည့်အခါ မည်မျှသာ တက်ရောက်နိုင်ခဲ့ကြောင်းကို ရာခိုင်နှုန်းအလိုက် ကျသွားသည့် ၁၀ နှစ်တာ သုံးသပ်ချက်များကို အမြဲတမ်းထည့်သွင်း ပြောကြားလေ့ရှိကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် ကျောင်းထွက်မှုနှုန်း မြင့်မားနေခြင်းကြောင့် အဆိုပါ စည်းမျဉ်းစည်းကမ်းများကို တိုက်တွန်းရခြင်းဖြစ်ကြောင်း၊



တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်နေမှုကို တွေ့ရစဉ်။

**❐ မိဘပြည်သူများအနေနှင့် ယခုကဲ့သို့ မဟုတ်မဟတ်၊ လုပ်ကြံဇာတ်ဖန်တီးသွေးထိုး လှုံ့ဆော်နေသည့် အဖျက်သမား၊ တိုင်းဖျက်ပြည်ဖျက်၊ မိမိတို့ သားသမီးများ၊ နိုင်ငံ့အနာဂတ်ကလေးငယ်များကို ဖျက်ဆီးမည့်သူများ၏ အန္တရာယ်ကို မြင်ကြပါဟု မေတ္တာရပ်ခံလို၊ မိမိတို့ နိုင်ငံသား၊ ပြည်သူလူထုအများစုသည် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိသည့်ဉာဏ်နှင့် ပြည့်စုံကြသူများဖြစ်၊ မိမိတို့ယဉ်ကျေးမှုအခြေခံမှာကတည်းက စဉ်းစားဆင်ခြင်မှုကို ဦးစားပေးလေ့ရှိ**

COVID-19 စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်၊ ကျောင်းအပ်နှံရာတွင် အခမဲ့ထောက်ပံ့မည့် အတန်းစဉ်အလိုက် ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ Mask နှင့် Face Shield တို့ကို အသေးစိတ်ဖော်ပြထားပါကြောင်း ပြောကြားသည်။

**တိုင်းဖျက်ပြည်ဖျက် လုပ်ငန်းများသာဖြစ်**

စိတ်မကောင်းစရာတစ်ခုမှာ ကျောင်းများမဖွင့်လှစ်နိုင်ရေး၊ ကျောင်းသူ၊ ကျောင်းသားများ ကျောင်းမတက်စေရေး အဖျက်သမားများ၊ ဆူပူအကြမ်းဖက်သမားများ၊ နိုင်ငံရေးအစွန်းရောက် လှုံ့ဆော်သူများက လှုံ့ဆော်နေမှုများ၊ ပညာရေးမှူးရုံးများ၊ စာသင်ကျောင်းများကို မီးရှို့၊ မိုင်း၊ လက်လုပ်ဗုံးများပစ်ပြီး ခြိမ်းခြောက်နေမှုများကို တွေ့နေရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၆/၂၀၂၁)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **"ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များလိုအပ်ကြောင်း၊ ထို့ကြောင့်ပညာရေးနဲ့ပတ်သက်၍အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်ဖြစ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများလုပ်ဆောင်နေမှုသည် နိုင်ငံအား ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများ ဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ ယခုသင်ကြားနေသည့် ပညာရပ်များသည် ယခင်အစိုးရများမှ ချမှတ်ထားသည့် အမျိုးသားပညာရေးမူဝါဒအတိုင်းသာ သင်ကြားပေးနေခြင်းဖြစ်ကြောင်း"** ပြောကြားခဲ့ပါကြောင်း၊ ကမ္ဘာတွင် အုပ်ချုပ်သူအစိုးရကို မကျေနပ်သဖြင့် ပညာရေးကို တိုက်ခိုက်ခြင်းကိုမရှိခဲ့၊ မတွေ့ခဲ့ရပါကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ ပိတ်ပင်တားဆီးမှုများ၊ သင်ကြားရေးနှင့်ပတ်သက်၍ CDM လုပ်ဆောင်နေခြင်းများသည် တိုင်းဖျက်ပြည်ဖျက်လုပ်ငန်းများသာ ဖြစ်ပါကြောင်း ပြောကြားသည်။

ဆူပူအကြမ်းဖက်အဖျက်သမားများ လှုံ့ဆော်နေသည့် လက်ကိုင်စကားမှာ "စစ်ကျွန်ပညာရေးစနစ်" ဖြစ်ကြောင်း၊ မည်သည့်အချက်အလက်၊ မည်သည့်သင်ခန်းစာ၊ မည်သည့်ပို့ချချက်များကို ရည်ညွှန်းပြီး စစ်ကျွန်ပညာရေးဟု စွပ်စွဲခြင်းဖြစ်ပြီး ရှိလျှင်ထောက်ပြရန်၊ အချက်အလက်နှင့်ပြောပါဟု ပြောလိုကြောင်း၊ တပ်မတော်က ပြည်သူလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်အပေါ် ခိုင်ခိုင်မာမာ အာမခံသည်ဟုပြောပြီး ဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့ကလေးများ သင်ကြားမည့် အခြေခံပညာသင်ရိုးညွှန်းတမ်း စာအုပ်များကို မိမိတို့တတ်နိုင်သလောက် လေ့လာကြည့်ပါကြောင်း၊ အချို့ကို ထုတ်နုတ်တင်ပြလိုပါကြောင်း၊ သူငယ်တန်း(KG) ကလေးများ သင်ရမည့် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာအက္ခရာစုံကဗျာများ သင်ခန်းစာ စာအုပ်တွင်ပါသော " သူငယ်ချင်း" ဆိုသည့် ကဗျာ၊ "ပင်လုံ" ဆိုသည့် ကဗျာ၊ "တာဝန်ကိုယ်စီ"ဆိုသည့် ကဗျာများကို စောစောက စစ်ကျွန်ပညာရေးဟု ပြောခဲ့သည့်သူများ ဖတ်ကြည့်စေလိုကြောင်း၊ ဥပမာ "ပင်လုံ" ဆိုသည့်ကဗျာတွင် (လွတ်လပ်ပန်းကို ဘယ့်နှယ်ဆွတ်တယ်၊ တို့ညီညွတ်လို့ ဆွတ်နိုင်တယ်၊ ရှမ်း ချင်း ကရင် ကချင်များနဲ့ ရခိုင်ကယားအသွယ်သွယ်၊ ပင်လုံမြို့မှာအတူဆုံကြလို့၊ တို့ပြည်မနဲ့ တို့ပြည်နယ်၊ သားချင်းညီနောင်တည်ထောင်မှုနဲ့ ပြည်ထောင်စုကြီး ပေါ်လာတယ်၊ အမိနိုင်ငံတာဝန်များကို ကိုယ်အားဉာဏ်အား ထမ်းကြမယ်။ ထမ်းမယ် ထမ်းမယ်။) ဆိုသည့် ကဗျာဖြစ်ကြောင်း၊ စစ်ကျွန်ပညာရေးဟု ပြောသည့်သူများအနေဖြင့် ထိုကဗျာများကို ဖတ်ကြည့်စေလိုကြောင်း၊ ၎င်းတို့ လေလုံးထွားနေသည့် ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို သူငယ်တန်းကလေးကစပြီး သင်ကြားပေးနေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**အခြေခံကျကျသင်ကြားပေးခြင်းဖြစ်**

အလယ်တန်းအဆင့်နှင့်ပတ်သက်ပြီး အနည်းငယ်ပြောပြလိုကြောင်း၊ ဆဋ္ဌမတန်းစာရိတ္တနှင့် ပြည်သူ့နီတိကျောင်းသုံးစာအုပ်ထဲတွင်ပါသည့် လူမှုကျင့်ဝတ်၊ အခွင့်အရေးနှင့်တာဝန်၊ စည်းကမ်းနှင့် ဥပဒေ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းစသည်တို့ကိုသာ ဖတ်ကြည့်စေလိုကြောင်း၊ ထိုအထဲတွင်ပါသည့် အချို့စကားများကို သဘောကျ၍ မှတ်ထားသမျှ ဖတ်ပြလိုကြောင်း၊ အခွင့်အရေးနှင့် တာဝန် သင်ခန်းစာတွင် "လူသားတစ်ယောက်အနေဖြင့် လူ့အခွင့်အရေးများကို မည်သူကမျှ ပိတ်ပင်တားဆီးခွင့်မရှိဘဲ ဘဝတစ်လျှောက်လုံးတွင် ခံစားပိုင်ခွင့်ရှိသည်။ လူ့အခွင့်အရေးများကို သိရှိထားသင့်သကဲ့သို့ အခွင့်အရေးကိုခံစားပြီး တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ကြရမည်"ဟု သင်ကြားပေးပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူ၊ နိုင်ငံသားများ၏ ပညာသင်ခွင့်ကို ပိတ်ပင်နေသည်မှာ မည်သူနည်းဟု မေးလိုပါကြောင်း၊ မည်သူများက လှုံ့ဆော်နေသည်ကို မေးလိုပါကြောင်း၊ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း" သင်ခန်းစာတွင် "ကျောင်းသားများသည် ငြိမ်းချမ်းရေးကို မြတ်နိုးတတ်ပြီး ငြိမ်းချမ်းရေးကို တန်ဖိုးထားထိန်းသိမ်းတတ်သူများဖြစ်စေရန် လေ့ကျင့်သင်ယူရမည်၊ အိမ်တွင်ဖြစ်စေ၊ ကျောင်းတွင်ဖြစ်စေ၊ ရပ်ရွာတွင်ဖြစ်စေ အငြင်းပွားမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် လေ့ကျင့်သင်ယူကြရမည်" ဟု ပို့ချပေးပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲစွာနေထိုင်ရေး အကျင့်ကောင်းများ၊ အငြင်းပွားသည့်အခါ ငြိမ်းချမ်းစွာမည်ကဲ့သို့ဖြေရှင်းပေးရမည့် အချက်များကို ငယ်စဉ်ကတည်းက အခြေခံကျကျ သင်ကြားပေးခြင်းဖြစ်ကြောင်း။

**စည်းလုံးညီညွတ်ရေးစကားထည့်သွင်းသင်ကြား**

အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းတွေထဲမှာလည်း သိသာအောင် ထုတ်နုတ်ပြောလိုပါကြောင်း၊ ဥပမာ သင်ရိုးသစ် Grade 11 ရဲ့ ဘောဂဗေဒ ပြဋ္ဌာန်းစာအုပ်တွင် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုသည့်သင်ခန်းစာများကို အခြေခံထည့်သွင်းထားသည်ကို တွေ့နိုင်ပါကြောင်း၊ ဥပမာ "တိုင်းပြည်ဝင်ငွေ "၊ " ငွေကြေးနှင့်ဘဏ်လုပ်ငန်း(Money and Banking) "၊" အပြည်ပြည်ဆိုင်ရာ စီးပွားဆက်သွယ်မှုများ" (International Economic Relations) တို့ကို လေ့လာကြည့်လျှင် တွေ့နိုင်ပါကြောင်း၊ မိမိတို့ပြောနေသည့် ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီစနစ်များကို ကလေးများအား အခြေခံသိအောင် သင်ပေးနိုင်ခြင်းကို တွေ့ရကြောင်း၊ ဒသမတန်းစာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာ စာအုပ်တွင် အခွင့်အရေးနှင့်တာဝန် အခန်း၌ ဒီနေ့ ဒီမိုကရေစီအမည်ခံလုပ်စား နိုင်ငံရေးသမားများ၏ လက်သုံးစကားဖြစ်သော " ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း" (Universal Declaration of Human Rights – UDHR)၊ CEDAW ဟုပြောသည့် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း"၊ "ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေ"၊ "ရွေးကောက်ပွဲဆိုင်ရာသိမှတ်စရာများ" စသည်တို့ကို သင်ကြားပေးထားသည်ကို တွေ့ရပါကြောင်း၊ အခန်း ၄ တွင် ငြိမ်းချမ်းရေး၏ အခြေခံသဘောတရားများ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆောင်ရွက်ကြသူများတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ စည်းလုံးညီညွတ်ရေးစကား၊ မဟတ္တမဂန္ဒီ၏ စကားများ ထည့်သွင်းသင်ကြားပေးသည်ကို တွေ့ရပါကြောင်း ပြောကြားသည်။

မိမိအနေဖြင့် မေးခွန်းထုတ်လိုသည်မှာ ယနေ့ကျောင်းသူ၊ ကျောင်းသား၊ မိမိတို့ သား၊ သမီး၊ တူ၊ တူမ၊ ညီ၊ ညီမများ

*စာမျက်နှာ ၁၁ သို့*

# အပြုံးမပျက် အမုန်းမဖက်ဘဲ ကျောင်းတက်ကြရအောင်

## ကိုသံချောင်း - မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၆)

ဒေါင်

"ခေါင်းလောင်းသံ။ တညံညံပေး...ရွာကျောင်းကို... သတိရနေတယ် သူငယ်ချင်းရေ.. တို့များ ငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီကလေ.. လက်ချင်းချိတ်ကာ.. ပြေးကာလွှားကာ.." သီချင်းဆိုသည်ကို ရပ်၍ မစာဥက ကိုသံချောင်းအား ...

✤ ကလေးတွေဟာ လွတ်လွတ်လပ်လပ် စာသင်ကြရမယ့် အရွယ်တွေပါ။ သူတို့အတွက် ဘေးကင်းလုံခြုံမှုရှိရှိနဲ့ အေးအေးချမ်းချမ်း ပညာသင်ကြားကြဖို့ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူတွေက ဝိုင်းဝန်းကူညီပေးကြရမယ် ဆိုရင် ဘယ်လောက်ကောင်းမလဲဗျာ။ ခင်ဗျားလည်း ၈၈ ခုနှစ်တုန်းက အရေးအခင်းကို မီတယ်မဟုတ်လား။ အတန်းတစ်နှစ်နောက်ကျတဲ့အတွက် ထိခိုက်ကြရတယ် မဟုတ်လား။ ဆရာမတစ်ဦး ပြောတာကြားမိတယ်။ ရှစ်တန်းသာရှိသေးတဲ့ ကျောင်းသား ကျောင်းသူတွေ ကျောင်းစာလည်း မသင်ရတော့ ကူလီဝင်ထမ်းတဲ့သူနဲ့၊ အိမ်ထောင်ရက်သားကျတဲ့သူနဲ့၊ ဆန္ဒပြပွဲတွေသွားလို့ အဖမ်းအဆီးခံရတဲ့သူနဲ့ အရွယ်မရောက်သေးဘဲ လမ်းမှားတွေ ရောက်ကုန်တာပေါ့ဗျာ။ သူတို့ ဆရာမကတော့ စိတ်တွေမကောင်းဖြစ်နေတာပေါ့။ ကျောင်းတွေဖွင့်တဲ့အခါ သူ့တပည့်လေးတွေ စုံစုံညီညီနဲ့ မြင်ချင်ရှာမှာပေါ့ဗျာ"

"မပြောမဆို အနားရောက်လာတာ လန့်လိုက်တာရှင့်။ အခုအချိန်က ရှေ့ပြော နောက်ကြည့် အခြေအနေဆိုတော့ သီချင်းတောင် လွတ်လွတ်လပ်လပ် မဆိုရဲဘူးရှင်ရေ.. ကဲ ပြောပါဦး ဘာကိစ္စလဲ.."

"ဘာကိစ္စမှမရှိပါဘူးဗျာ။ ခင်ဗျားသီချင်းသံလေး ကြားမိရင်း မေးစရာလေးရှိလို့ လာခဲ့တာပါခင်ဗျ။ ရွာကျောင်းက ခေါင်းလောင်းသံကိုလွမ်းရင်း ငယ်ချစ်ကိုများ သတိရနေသလားလို့ပါ"

ကိုသံချောင်း၏ စကားကြောင့် မစာဥ မျက်နှာပေါ်တွင် ရှက်သွေးများဖြာသွားသည်ဟု ထင်မြင်မိပါသလား။ လားလားမှ မဟုတ်ပါ။ မဲ့ကာရွဲ့ကာဖြင့်ပင် ...

"ငယ်ချစ်လည်း မရှိ၊ ကြီးချစ်လည်း မရှိတဲ့ ရေမရောတဲ့ အပျိုကြီးရှင့်။ အခုဆိုနေတာလည်း ကိုယ့်အတွက်မဟုတ်ပါဘူး။ အိမ်မှာ အိပ်လိုက် စားလိုက်၊ ဆန္ဒပြေးပြလိုက်လုပ်နေတဲ့ တူမနှစ်ယောက်ကိုကြည့်ပြီး စိတ်ပျက်ပျက်နဲ့ သီချင်းဆိုနေတာပါရှင့်"

"ကျောင်းတွေက ဖွင့်နေပြီ မဟုတ်လားဗျ။ ခင်ဗျားတူမတွေက တက္ကသိုလ်တက်တဲ့ အရွယ်တွေ မဟုတ်ဘူးလား။ ကျောင်းပြန်မတက်ကြသေးဘူးလား"

"တက္ကသိုလ်က တက်လက်စနဲ့ ကိုဗစ်ကြောင့် ကျောင်းတွေပိတ်ထားတာ အခုတိုင်းရေး ပြည်ရေး မငြိမ်တော့ ဖွင့်တယ်ဆိုပေမယ့်လည်း ကျောင်းမသွားကြဘူးရှင့်"

"ကောင်းရောဗျာ။ ဒါဖြင့် ခင်ဗျားတူမတွေက ကျောင်းမတက်ကြတော့ဘူးပေါ့။ သူတို့ လိုချင်တဲ့ အစိုးရပြန်အုပ်ချုပ်မှ ကျောင်းတက်မယ်ပေါ့.. အဲဒီလိုလား"

"အမှန်ပဲရှင်။ ဝန်ထမ်းတွေက CDM လုပ်သလို ကျောင်းသားတွေကလည်း CDM သဘောပေါ့ရှင်။ ကျောင်းမတက်ကြဘူး။ စစ်ကျွန်ပညာရေးဆိုလား ပြောနေကြတာပဲ။ ဒီမိုကရေစီစစ်စစ်ရသွားပြီးရင် ကျောင်းတွေမှာ အဆင့်မြင့်ပညာရေးတွေ ဖြစ်လာမှာ။ အဲဒီအခါကျ ပညာရေးတင်မဟုတ်ဘူး လူမျိုးရေး၊ ဘာသာရေးတွေလည်း ဖြေရှင်းလို့ ရသွားပြီရှင့်။ ဒီမိုကရေစီစစ်ရင် လူ့အခွင့်အရေးဆိုတာလည်း အပြည့်ရမှာ။ ကြားဖူးတယ် မဟုတ်လား 'ကျောင်းမတက်နဲ့ ကျောင်းထွက်ကြ' ဆိုတဲ့ အသံတွေလေ။ အဲဒါကြောင့် အခုကျောင်းမတက်သေးဘူး"

"အမလေး... **မဟာအတွေးအခေါ် ပညာရှင်ကြီးပါပဲဗျာ။ ဘာတဲ့... ကျောင်းမတက်နဲ့တဲ့လားဗျာ။ ကျောင်းတက်တော့ အကျိုးကျေးဇူးက ဘယ်သူရမှာလဲဗျ။ ကျောင်းတက်မှ စာတတ်မှာပေါ့။ စာတတ်မှ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်မှာပေါ့ဗျာ။ ပညာမတတ်စေချင်တဲ့ အတွေးအခေါ်တွေက ဘယ်လိုများ ကြီးကျယ်မြင့်မြတ်တဲ့ နိုင်ငံရေးလဲဗျာ။ မကြားဖူးပါဘူး။ စာမတတ်၊ ပေမတတ်နဲ့ တိုင်းပြည်ကြီးကို ဘယ်လို ကာကွယ်ကြမှာတုံးဗျ။ ခင်ဗျားတို့ဟာက ဝန်ထမ်းတွေကျတော့ အလုပ်မသွားနဲ့၊ ဆရာဝန်က ဆေးမကုနဲ့၊ အင်ဂျင်နီယာက စက်မှုအလုပ်မလုပ်နဲ့၊ ဆရာက စာမသင်နဲ့၊ တပည့်က ကျောင်းမတက်နဲ့ဆိုတော့ကာ တိုင်းပြည်ဖျက်ကြမယ်ဟေ့ဆိုပြီးများ ရည်မှန်းချက်ထားပြီး လုပ်နေသလားမှတ်ရတယ်"**

**ဘေးကင်းလုံခြုံမှုရှိဖို့လည်း အရေးကြီး**

"လက်ရှိအချိန်က မလုံခြုံဘူးရှင့်၊ လက်လုပ်မိုင်းတွေ၊ ဗုံးတွေကလည်း ပေါက်နေတာ။ ကျွန်မတူမတွေ ကျောင်းသွားရင်း ဗုံးဆန်မှန်တော့ ရှင်က တာဝန်ယူမှာလား။ အန္တရာယ်ရှိတယ်ရှင့်။ အခုလည်း ဗုံးတွေ၊ မိုင်းတွေပစ်တာ တပ်ကနေ တစ်ဖက်လှည့်နဲ့ ပြည်သူတွေလုပ်သယောင် သူတို့ပဲပြန်ပစ်နေတာတဲ့။ အဲဒီလိုအနေအထားနဲ့ ကျွန်မတို့က ကလေးတွေကို ဘယ်လိုလုပ် ကျောင်းထားလို့ရမလဲ။ ကျောင်းတွေဖွင့်ဖို့က ကိုဗစ်ကာကွယ်ရေး အစီအမံတွေ လိုသလို ဘေးကင်းလုံခြုံမှုရှိဖို့လည်း အရေးကြီးတယ် မဟုတ်လား"

"အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သတင်းစာရှင်းလင်းပွဲက သုံးလတာအတွင်း လေးကြိမ်ပြီးသွားပြီ။ အပတ်စဉ်မှာလည်း အွန်လိုင်းကနေ ဗီဒီယိုကွန်ဖရင့်နဲ့ သတင်းစာရှင်းလင်းပွဲတွေ ခဏခဏလုပ်နေတာ ခင်ဗျားမကြည့်ဘဲကိုး အပျိုကြီးရဲ့။ ဘယ်လိုစီမံဆောင်ရွက်နေသလဲဆိုတာ သိချင်ရင် သတင်းစာဝယ်ဖတ်ပါ။ တက္ကသိုလ်တွေနဲ့ အခြေခံပညာကျောင်းတွေကို လုံခြုံမှုရှိအောင် အတတ်နိုင်ဆုံး ဆောင်ရွက်နေတယ်။ တစ်ဖက်မှာလည်း ခင်ဗျားတို့၊ ကျွန်တော်တို့လို ပြည်သူတွေကလည်း ပူးပေါင်းဖို့လိုတာပေါ့ဗျာ။ ကျောင်းပတ်ဝန်းကျင်မှာ မသင်္ကာစရာတွေ့တာနဲ့ သတင်းပို့၊ အန္တရာယ်ဘေးကင်းအောင် ဝိုင်းဝန်းကြည့်ရှုစောင့်ရှောက်ရမှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ပညာမတတ်လို့တော့ မဖြစ်ဘူးဗျ။ ကျောင်းပိတ်တယ်ဆိုတာလည်း တစ်နှစ်သာကောင်းမှာပေါ့။ ကလေးတွေ ကိုဗစ်ကြောင့် တစ်နှစ်ပိတ်ထားခဲ့ရပြီးပြီလေဗျာ။ တော်သင့်ပါပြီ။ ကလေးတွေ စာသင်ကြပါစေဗျာ"

"ဒါနဲ့ ကျောင်းတွေကရော ဖွင့်ရဲ့လားရှင့်။ ကျောင်းသားကောရှိရဲ့လား။ သင်ပေးမယ့် ဆရာကရော လုံလောက်ရဲ့လား"

"ဆရာတွေလည်း တဖွဲဖွဲပြန်လာနေကြပါပြီ မစာဥရယ်။ ကျောင်းသားတွေဘက်၊ မိဘတွေဘက်ကလည်း ကလေးအတန်းနောက်ကျမှာစိုးတော့ ကျောင်းကို ကြပ်ကြပ်မတ်မတ် ပို့ကြတော့တာပေါ့။ လာမယ့်ဇွန်လဆိုရင် အခြေခံပညာကျောင်းတွေလည်း ဖွင့်ကြတော့မယ်ဗျ။ ခင်ဗျားဆိုတဲ့ သီချင်းလို ခေါင်းလောင်းသံ တညံညံပေးနေကြပြီလေ။ ယုံယုံကြည်ကြည်နဲ့ ကျောင်းတက်ဖို့တော့ လိုတာပေါ့ဗျာ။ မဟုတ်ရင် ကလေးတွေ အသက်တစ်နှစ်ကြီးပြီး အတန်းကတစ်တန်း ငယ်နေလိမ့်မယ်ဗျ"

"ဒါလည်း ဟုတ်တာပါပဲ။ ရွယ်တူသူငယ်ချင်းတွေက ကျောင်းတစ်တန်းပြီးသွားတဲ့ အခါကျမှ ကျောင်းတက်ရရင် ကလေးတွေ နစ်နာတာပေါ့။ တိုင်းရေးပြည်ရေးမှာ စာသင်တဲ့ကလေးတွေက မြေစာပင်မှ မဟုတ်တာပဲနော်.."

"အမှန်ပါပဲ မစာဥရယ်။ **ကလေးတွေဟာ လွတ်လွတ်လပ်လပ် စာသင်ကြရမယ့် အရွယ်တွေပါ။ သူတို့အတွက် ဘေးကင်းလုံခြုံမှုရှိရှိနဲ့ အေးအေးချမ်းချမ်း ပညာသင်ကြားကြဖို့ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူတွေက ဝိုင်းဝန်းကူညီပေးကြရမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲဗျာ။ ခင်ဗျားလည်း ၈၈ ခုနှစ်တုန်းက အရေးအခင်းကို မီတယ်မဟုတ်လား။ အတန်းတစ်နှစ်နောက်ကျတဲ့အတွက် ထိခိုက်ကြရတယ် မဟုတ်လား။ ဆရာမတစ်ဦး ပြောတာကြားမိတယ်။ ရှစ်တန်းသာရှိသေးတဲ့ ကျောင်းသား ကျောင်းသူတွေ ကျောင်းစာလည်း မသင်ရတော့ ကူလီဝင်ထမ်းတဲ့သူနဲ့၊ အိမ်ထောင်ရက်သားကျတဲ့သူနဲ့၊ ဆန္ဒပြပွဲတွေသွားလို့ အဖမ်းအဆီးခံရတဲ့သူနဲ့၊ အရွယ်မရောက်သေးဘဲ လမ်းမှားတွေ ရောက်ကုန်တာပေါ့ဗျာ။ သူတို့ ဆရာမကတော့ စိတ်တွေမကောင်း ဖြစ်နေတာပေါ့။ ကျောင်းတွေဖွင့်တဲ့အခါ သူ့တပည့်လေးတွေ စုံစုံညီညီနဲ့ မြင်ချင်ရှာမှာပေါ့ဗျာ"**

"ဒါဆိုရင်တော့ ကျွန်မ တူမတွေ ကျောင်းမြန်မြန်ပို့မှဖြစ်တော့မယ်။ တော်ကြာ အပျိုပေါက်ကလေးတွေ ရေတိမ်နစ်သွားမှဖြင့် ကျွန်မတို့အုပ်ထိန်းသူတွေပဲ ရင်ကျိုးရမှာ"

"မစာဥက ကျွန်တော်နဲ့ မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူလိုက်စမ်းပါဗျ။ ခင်ဗျားအတွက် အကြံဉာဏ်ကောင်းတွေ ခရစ်တစ်ကယ်သင့်ခင်းတွေ ကျွန်တော်ပေးနိုင်ပါတယ်ဗျ။ အခုတင် ခင်ဗျားအမြင်မှန်ရသွားပြီမဟုတ်လား.."

**ကျောင်းစာကို အာရုံထဲထည့်ထားရင် အချိန်တွေ မပိုတော့ဘူး**

"ထူးဆန်းပါရဲ့ရှင်။ ရှင် ဘရိန်းဝှက်ချ် လုပ်တိုင်း ကျွန်မကခံနေမယ့်သူတော့ မဟုတ်ပါဘူးနော်။ ကျွန်မကလည်း ကိုယ်တိုင်လက်ခံ ယုံကြည်မှသာ လိုက်နာတဲ့သူပါ။ တူမတွေကို အခုပဲကျောင်းလိုက်အပ်တော့မယ်။ စိတ်ချရအောင် ကိုယ်တိုင်လည်း ကျောင်းပေါက်ဝ စောင့်မယ်ရှင်။ အခြေအနေတည်ငြိမ်မှ သူတို့ဟာသူတို့ သွားပါစေပေ့ါ။ ဒါမှ လမ်းမှားတွေ မရောက်မှာ၊ မဟုတ်ရင်လည်း ကျွန်မတို့ လူကြီးတွေက တစ်ချိန်လုံး စိတ်ပူနေကြရတာရှင့်။ ကျောင်းစာကို အာရုံထဲထည့်ထားရင် သူတို့အတွက် အချိန်တွေ မပိုတော့ဘူးလေ"

"ကလေးတွေ ကျောင်းတက်မှာတော့ ဟုတ်ပါပြီ။ မစာဥကိုတော့ ကျွန်တော်စိတ်မချဘူးဗျ။ ခင်ဗျား ကျောင်းလိုက်စောင့်မယ်ဆိုရင် ကျွန်တော်ပါ အဖော်အဖြစ် လိုက်ခဲ့ပါရစေ.." မစာဥ၏ မျက်စောင်းလှလှလေးတစ်စင်းက ကိုသံချောင်းဘယ်ဘက်ရင်အုံသို့ စိုက်ဝင်လာ၏။ အပြုံးမပျက် အမုန်းမဖက်ဘဲ ကလေးတွေ ကျောင်းတက်ကြပါ။ ကိုသံချောင်းက မစာဥနှင့်အတူ ကျောင်းဝမှာ စောင့်ခွင့်ရချင်လှပါပြီဟုသာ။ ။

# ပြည်သူလိုအပ်နေသော ဓာတ်အားလိုအပ်ချက်ကို ပြည့်စုံလုံလောက်အောင် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၅ ရက်နှင့် မေ ၁၆ ရက်တို့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းညွှန်ကြားရေးမှူးများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဓာတ်အားပေးစက်ရုံမှူးများ၊ ရန်ကုန်နှင့် မန္တလေး လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းတို့မှ ခေတ္တဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်များ တက်ရောက်ကြသည်။ (ယာပုံ)



### တက်ညီလက်ညီဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာထုတ်လုပ်ပို့လွှတ်/ဖြန့်ဖြူးပေးနိုင်ရန် တက်ညီလက်ညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြီးခဲ့သောကာလများ၌ မည်သို့သော အခြေအနေဖြစ်နေစေကာမူ ပြည်သူလူထုအတွက် လျှပ်စစ်မီးမပြတ်တောက်စေရေး အကောင်းဆုံး ဝန်ဆောင်မှုပေးခဲ့ခြင်းအပေါ် ပြည်သူလူထုမှ အသိအမှတ်ပြုပြီးဖြစ်၍ ၎င်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့အပြင် ယခုကာလတွင် ပြည်သူလိုအပ်နေသော ဓာတ်အားလိုအပ်ချက်ကို ပြည့်စုံလုံလောက်အောင် စီစဉ်နေသကဲ့သို့ လာမည့်နှစ်များတွင် လိုအပ်လာမည့် ဓာတ်အား လိုအပ်ချက်များကိုလည်း အချိန်မီဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

### အရင်းအမြစ်မျိုးစုံ ပါဝင်ထုတ်လုပ်

ဝန်ကြီးဌာနအနေဖြင့် လုံခြုံစိတ်ချ၍ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် အပူစွမ်းအင်သုံးစက်ရုံ၊ LNG သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံအသီးသီးမှ Generation Mix တွင် အရင်းအမြစ်မျိုးစုံ ပါဝင်ထုတ်လုပ်နိုင်ရေးတို့ကို ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ်ထပ်မံလိုအပ်လာမည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း သဘာဝအရင်းအမြစ်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းများနှင့် ပြန်ပြည့်မြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများတို့မှအသီးသီးထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

### ရည်မှန်းချက်နှင့်အညီ စီမံဆောင်ရွက်

မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ် ဓာတ်အားသုံးစွဲနိုင်ရေး ရည်မှန်းချက်နှင့်အညီ စီမံဆောင်ရွက်လျက်ရှိသော စီမံကိန်းများအပြင် နှစ်စဉ်တိုးတက်သုံးစွဲနေသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနကြီးမှူးများ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ စီမံကိန်းညွှန်ကြားရေးမှူးများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဓာတ်အားပေးစက်ရုံမှူးများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် တတိယနှင့် စတုတ္ထသုံးလပတ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၏ အစီအစဉ်များအား အသီးသီး ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးသန့်စင်က တင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ထို့နောက် ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၉ မှ*

သင်မည့် သင်ခန်းစာများတွင် စစ်ကျွန်ဖြစ်စေမယ့် သင်ခန်းစာပါပါက အချက်အလက်နှင့် ထောက်ပြစေလိုကြောင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ နိုင်ငံကြီးသားပီသမှု၊ ဖွံ့ဖြိုးတိုးတက်ရေးရန့်သင်းနေသည့် သင်ခန်းစာများသာဖြစ်ပါကြောင်း၊ မှိုင်းတိုက်နေခြင်းသာဖြစ်ပါကြောင်း၊ ပညာမတတ်မှသာ နိုင်ငံတကာ၏ကျွန်ဖြစ်မှာ ဖြစ်ပါကြောင်း၊ မိမိပြောလိုသည်မှာ ဆရာ၊ ဆရာမအများစုအနေဖြင့် အာစရိယဂိုဏ်းဝင်ပီပီ မိမိတပည့်၊ ကလေးများ ပညာတတ်မြောက်စေရေး မွန်မြတ်သည့်စိတ်နှင့် ကျောင်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေခြင်းရှိပါကြောင်း၊ ၎င်းတို့ကို နည်းမျိုးစုံနှင့် ခြိမ်းခြောက်နေမှုများလည်း တွေ့ရပါကြောင်း၊ မိမိတို့ လုံခြုံစိတ်ချရအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများကို ကျေးဇူးတင်ကြောင်း ဒီနေရာက ပြောလိုပါကြောင်း၊ တာဝန်သိပြည်သူလူထုအနေဖြင့်လည်း ဆရာ၊ ဆရာမများကို ဝိုင်းဝန်းကြပါဟု ပြောလိုပါကြောင်း ပြောကြားသည်။

**မေတ္တာရပ်ခံလို**

**မိဘပြည်သူများအနေဖြင့် ယခုကဲ့သို့ မဟုတ်မဟတ်၊ လုပ်ကြံဇာတ်ဖန်တီးသွေးထိုး လှုံ့ဆော်နေသည့် အဖျက်သမား၊ တိုင်းဖျက်ပြည်ဖျက်၊ မိမိတို့ သားသမီးများ၊ နိုင်ငံ့အနာဂတ်ကလေးငယ်များကို ဖျက်ဆီးမည့်သူများ၏ အန္တရာယ်ကို မြင်ကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့နိုင်ငံသား၊ ပြည်သူလူထုအများစုသည် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိသည့် ဉာဏ်နှင့်ပြည့်စုံကြသူများ ဖြစ်ပါကြောင်း၊ မိမိတို့ ယဉ်ကျေးမှု အခြေခံမှာကတည်းက စဉ်းစားဆင်ခြင်မှုကို ဦးစားပေးလေ့ရှိပါ**ကြောင်း၊ မိမိတို့ယဉ်ကျေးမှုတွင် တရားတော်များ နာယူခြင်းလည်းရှိကြပါကြောင်း၊ ဝိပဿနာ ခန္ဓာဉာဏ်ရောက်တရားတော်များ နာကြားရာတွင် အများစုကြားဖူးသည့်စကားကိုသာ ရည်ညွှန်းပြောဆိုလိုကြောင်း၊ "နားက တရားနာပါ"၊ "ဉာဏ်ကခန္ဓာလှည့်ပါ" ဆိုသည့်စကားဖြစ်ကြောင်း၊ ဆိုလိုသည်မှာ မိမိတို့နားများက ပြောစကားများ၊ တရားများကို နားထောင်မှတ်သားကြောင်း၊ ထိုသို့ တရားနာယူရသည်ကို မိမိကိုယ်တိုင် မိမိခန္ဓာတွင် ဖြစ်ပျက်နေသည့် သဘောတရားများနှင့် နှိုင်းယှဉ်ချိန်ထိုး လေ့လာဆန်းစစ်ကြပါဟူ၍ မှတ်သားဖူးပါကြောင်း၊ ယနေ့ သတင်းခေတ်ကြီး၌ သတင်းမျိုးစုံ၊ အပြော မျိုးစုံကြားရပါကြောင်း၊ ထို့ကြောင့် နားထောင်ပြီးလျှင် စိစစ်စရာ၊ ချိန်ထိုးနိုင်စရာများ မိမိတို့အားလုံး၌ ရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင်မေ့နေခြင်း ဖြစ်ခြင်းကြောင့် လက်တွေ့စိစစ် ကြည့်စေလိုကြောင်း၊ ထို့ကြောင့် "နားက နားထောင်လိုက်ပါ၊ ဉာဏ်က ဟုတ်၊ မဟုတ် ဆန်းစစ်ပါ" ဟုသာ မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

*ဆက်လက်ဖော်ပြပါမည်*

---

◆ *ကျောဖုံးမှ*

အနိုင်ဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် သောမတ်စ်၏ ဖန်တီးပေးမှုမှ တစ်ဆင့် တိုင်လီမန်းစ်က လှပသည့် အဝေးကန်ချက်ဖြင့် သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်လာခဲ့သော်လည်း လိုအပ်နေသည့် ဂိုးများကို မြင်တွေ့ခဲ့ရခြင်းမရှိပေ။ ပွဲချိန်ပြည့်ခါနီးတွင် ချယ်ဆီးအသင်း ချေပဂိုးရရှိခဲ့သော်လည်း ရုပ်သံကြည့်ဆုံးဖြတ်ချက်ဖြင့်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နစ်ခဲ့ရသည်။

လက်စတာ အသင်းသည် အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ ၁၉၄၈-၄၉၊ ၁၉၆၀- ၆၁၊ ၁၉၆၂-၆၃၊ ၁၉၆၈-၆၉ ခုနှစ်တို့တွင် တက်ရောက် နိုင်ခဲ့သော်လည်း ဖလား ဆွတ်ခူးထားနိုင်ခြင်း မရှိပေ။ လက်စတာအသင်းသည် ယခုဗိုလ်လုပွဲတွင် ချယ်ဆီးအသင်းကို အနိုင်ယူပြီး ပထမဆုံးအကြိမ်အဖြစ် အက်ဖ်အေဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

ချယ်ဆီးအသင်းသည် ပြီးခဲ့သည့်နှစ်က အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် အာဆင်နယ်အသင်းကို ရှုံးနိမ့်ပြီး ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသည်။ ယခုနှစ်ရာသီတွင်လည်း ချယ်ဆီးအသင်းသည် ဂွါဒီယိုလာ၏ မန်စီးတီးအသင်းကို အနိုင်ယူပြီး အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်လှမ်း လာနိုင်ခဲ့ကာ လက်စတာအသင်းကို ရှုံးနိမ့်ပြီး ဒုတိယနှင့်သာ ထပ်မံကျေနပ်ခဲ့ရသည်။ ထို့ကြောင့် ချယ်ဆီးအသင်းသည် အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ နှစ်နှစ်ဆက် တက်ရောက်ထားနိုင်သော်လည်း နှစ်နှစ်ဆက် ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ချယ်ဆီးနှင့် လက်စတာ အသင်းတို့သည် ပရီမီယာလိဂ်ပွဲစဉ် (၃၇) အဖြစ် စတန်းဖို့ဒ်ဘရစ်ချ်၌ မေ ၁၉ ရက်တွင် ထပ်မံရင်ဆိုင်ရဦးမည်ဖြစ်သည်။

**အောင်ဇော်**




ချယ်ဆီးကို အနိုင်ယူပြီး အက်ဖ်အေဖလားဆွတ်ခူးနိုင်ခဲ့သည့် လက်စတာအသင်း ပိုင်ရှင်နှင့် ကစားသမားများ အောင်ပွဲခံနေစဉ်။

---

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ရှမ်းပြည်နယ်တောင်ပိုင်းလွိုင်လင်မြို့ အာနန္ဒဗုဒ္ဓ ကောလိပ်ဖွင့်ပွဲကျင်းပ

**လွိုင်လင် မေ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ သာသနဝိပုလခတ်တော်ကျောင်းတိုက်တွင် လွိုင်လင်အာနန္ဒဗုဒ္ဓကောလိပ် ဖွင့်ပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပကြောင်း သိရသည်။

လွိုင်လင်မြို့ သာသနဝိပုလခတ်တော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာပညာနန္ဒ၏ သက်တော်(၇၀)ပြည့် မွေးနေ့မင်္ဂလာနှင့် လွိုင်လင်အာနန္ဒဗုဒ္ဓကောလိပ်ဖွင့်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



ရှေးဦးစွာ ကျောင်းတိုက်အဝင် လွိုင်လင်အာနန္ဒဗုဒ္ဓကောလိပ် ပထမဆိုင်းဘုတ်ကို သာသနဝိပုလခတ်တော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ပညာနန္ဒနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။ ဆက်လက်၍ ကျောင်းတိုက်ရှေ့ရှိ လွိုင်လင်အာနန္ဒဗုဒ္ဓကောလိပ် ဒုတိယဆိုင်းဘုတ်ကို ဆရာတော်ဘဒ္ဒန္တ ဒေါက်တာပညာနန္ဒက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာပညာနန္ဒ၊ ရတနာစည် ဆရာတော် ဘဒ္ဒန္တသီလာနန္ဒ ၊ ဒေါက်တာခမ္မသာမိ (ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဦးစီးတည်ထောင်သူနှင့် ပါမောက္ခချုပ်)၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် နိုင်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် ကျောင်းဒါယကာကြီး စပ်လျှန်းဆိုင်ဟိန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာတော်သံဃာတော်များနှင့် တိုင်းမှူး အမှူးပြုသည့် ဧည့်ပရိသတ်များက လွိုင်လင်အာနန္ဒဗုဒ္ဓကောလိပ်၏ ရုံးခန်း၊ အစည်းအဝေးခန်းနှင့် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။ (ဝဲပုံ)

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တဒေါက်တာပညာနန္ဒ၏သက်တော် (၇၀) ပြည့် မွေးနေ့မင်္ဂလာနှင့် လွိုင်လင်အာနန္ဒဗုဒ္ဓ ကောလိပ်ဖွင့်ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းများကို ဆောင်ရွက်သည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ဒေါက်တာခမ္မသာမိ (ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဦးစီးတည်ထောင်သူနှင့် ပါမောက္ခချုပ်)အဖွဲ့ဝင် ကထိကဆရာတော်များ၊ ရှမ်းပြည်နယ်လုံးဆိုင်ရာသံဃာအဖွဲ့ချုပ် အကျိုးတော်ဆောင်ဆရာတော်များ၊ ပင့်ဖိတ်ထားသော ဆရာတော်များ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒေသခံနှင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**မိုးလွင်ဦး (လွိုင်လင်)**

---

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၆**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် ၁၀ မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၀၁ ကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူ ခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ များအား ကိုဗစ်- ၁၉ ရောဂါနှင့် ပတ်သက်၍ စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၉၀၉ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❊ *ကျောဖုံးမှ*

နေ့စဉ်ခရီးသည်လိုက်ပါစီးနင်းမှုမှာ ယခုမေလဆန်းပိုင်းမှ လလယ်အထိ နေ့စဉ်ပျမ်းမျှအားဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု ၃၃၀၀၀၀ ကျော် အထိ တိုးတက်မှုရှိလာသည်။ ယခုမေလဆန်းပိုင်းတွင် တက္ကသိုလ်ကျောင်းများ ဖွင့်လှစ်မှုနှင့် လာမည့် ဇွန်လဆန်းပိုင်းတွင်လည်း အခြေခံ ပညာကျောင်းများ ဖွင့်လှစ်မှုအပေါ် မူတည်ကာ ရန်ကုန်မြို့တွင်း ခရီးသွားလာမှုအဆင်ပြေစေရေး YPTC အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ရန်ကုန်မြို့ရဲ့ လတ်တလော YBS ခရီးသည်တင်ယာဉ်လိုင်းတွေနဲ့ ပတ်သက်လို့ပြောရရင် တချို့ကားတွေမှာ ယာဉ်နောက်လိုက် အပိုတွေ ပါနေတယ်။ ဒီထက်ဆိုးတာက အရင်လို သတ်မှတ်ကြေးအတိုင်း မဟုတ်ဘဲ အပိုယာဉ်နောက်လိုက်တွေက ဝန်ဆောင်မှုနှုန်းတွေ ပိုတောင်းတာတွေ တွေ့ရတယ်။ အောက်ဆိုက်ကားတွေအနေနဲ့ ပိုတောင်းတာ နားလည်ပေးလို့ရပေမယ့် တရားဝင်ပြေးဆွဲပေးနေတဲ့ YBS ခရီးသည်တင်ယာဉ်တွေ အခုလိုလုပ်တာကတော့ သက်ဆိုင်ရာအနေနဲ့ ထိထိရောက်ရောက် အရေးယူပေးဖို့ လိုပါတယ်။ ပြီးတော့ယာဉ်လိုင်းတွေလည်း အရင်လိုပိုထွက်သင့်နေပြီ။ အခုဆို ရုံးတက်/ရုံးဆင်းချိန်မှာ ယာဉ်တိုင်းလိုလို ခရီးသည်တွေ ကျပ်ကျပ်တည်းတည်း လိုက်ပါစီးနင်း နေရတာတွေ့မြင်နေရပါတယ်” ဟု မြောက်ဥက္ကလာပမြို့နယ်မှ ရန်ကုန်မြို့တွင် အလုပ်ဆင်းနေသော ဦးမျိုးမြင့်က ပြောသည်။

၂၀၂၀ ပြည့်နှစ် မတ်လ(ကိုဗစ်-၁၉ ) ကပ်ရောဂါ မဖြစ်ပွားမီက နေ့စဉ်ခရီးသည် လိုက်ပါစီးနင်းမှုမှာ ခြောက်သိန်းကျော် ၊ ခုနစ်သိန်း နည်းပါးအထိရှိခဲ့ပြီး ယာဉ်အစီးရေအားဖြင့်လည်း ခြောက်သောင်းကျော် အထိ ပြေးဆွဲဝန်ဆောင်မှုပေးလျက်ရှိသည်။ ယခုလတ်တလောအခြေအနေတွင် ရန်ကုန်မြို့၌လုပ်ငန်းခွင်အသီးသီး ပြန်လည်လည်ပတ်လျက် ရှိသော်လည်း ယာဉ်အစီးရေ ၂၄၀၀ ကျော်သာ ပြေးဆွဲပေးလျက်ရှိသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

---

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ဗီယက်နမ်နိုင်ငံတွင် ဒေသတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၂၇ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း မေ ၁၆**

ဗီယက်နမ်နိုင်ငံတွင် မေ ၁၅ ရက် ညနေ ၆ နာရီက ဒေသတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၂၇ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံအတွင်း စုစုပေါင်းကူးစက်ခံရသူ ၄၁၁၂ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နောက်ထပ်ကူးစက်ခံရသူများမှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး အသွားအလာပိတ်ဆို့ကန့်သတ်ထားသည့်နေရာနှင့် အသွားအလာစောင့်ကြည့်ရေးစင်တာများတွင် တွေ့ရှိရသူများဖြစ်သည်။ နောက်ထပ်ကူးစက်ခံရသူများမှာ ယခင်လူနာများနှင့် ထိတွေ့မှုရှိသူများ သို့မဟုတ် ဒေသတွင်းအစုလိုက် ကူးစက်မှုနှင့် ဆက်စပ်မှုရှိကြသူများဖြစ်သည်။

ဘက်ဇန်းပြည်နယ်မှာ ကူးစက်မှု၏ ဗဟိုချက်မနေရာဖြစ်ပြီး ယင်းဒေသရှိ စက်ရုံများမှ လျင်လျင်မြန်မြန်ကူးစက်လာခြင်းဖြစ်သည်။

ယင်းပြည်နယ်တွင် ကူးစက်မှုများကိုထိန်းချုပ်နိုင်ရေးအထောက်အကူဖြစ်စေရန် ကျန်းမာရေးဝန်ကြီးဌာနက ကျွမ်းကျင်ပညာရှင်အသင်းကို စေလွှတ်ခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**



ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းက ဟန္နိုင်းမြို့တွင် ကိုဗစ်–၁၉ ဆေးစစ်ပေးနေစဉ်။



နယူးဒေလီတွင် အမျိုးသမီးတစ်ဦးကို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# ဥရောပတောင်ပိုင်းနိုင်ငံများတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်

**အေသင် မေ ၁၆**

ဂရိနှင့် အီတလီနိုင်ငံတို့သည် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးသွားသည့် အားလပ်ရက် ခရီးသွားများကို လက်ခံသွားမည်ဟု သိရသည်။

၎င်းတို့ကို အသွားအလာစောင့်ကြည့်ကန့်သတ်မှုကို ခြွင်းချက်ထားသွားမည်ဟု သိရသည်။ ဂရိနိုင်ငံသည် မေ ၁၄ ရက်က နိုင်ငံပေါင်း ၅၃ နိုင်ငံမှ ခရီးသွားများအတွက် အသွားအလာကန့်သတ်စောင့်ကြည့်မှု ၁၀ ရက်ကို ဖြေလျှော့ပေးခဲ့သည်။

ယင်း ၅၃ နိုင်ငံတွင် အီးယူအဖွဲ့ဝင်နိုင်ငံများ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ပါဝင်သည်။ သို့သော်လည်း ခရီးသွားများဘက်မှ ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေပြချက်နှင့် ကိုဗစ်–၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်တို့ ပြသရန် လိုအပ်သည်။ မီလို့စ်သည် ဂရိကျွန်းတစ်ခုဖြစ်ပြီး မေ ၁၅ ရက်က ဖယ်ရီတစ်စင်းအပြည့် နိုင်ငံခြားခရီးသွားများကို ကြိုဆိုခဲ့သည်ဟု သိရသည်။

မိသားစုနှင့်အတူ လာရောက်သည့် ဂျာမန်အမျိုးသားကမူ လွန်ခဲ့သည့် နှစ်လကတည်းက ကြိုတင်စာရင်းပေးထားခြင်းဖြစ်ကြောင်း၊ ခရီးထွက်နိုင်ရန် အမြဲမျှော်လင့်နေကြောင်း ပြောကြားသည်။

ခရီးသွားများကို ပြန်လည်ကြိုဆိုသည့်အပေါ် ဝမ်းသာကြောင်းနှင့် ၎င်းနှင့် ၎င်း၏မိသားစုလည်း ခရီးစဉ်တွင် ပျော်ရွှင်ရသည်ဟု ပြောသည်။ မီလို့စ်ကျွန်းပေါ်မှ ဒေသခံအာဏာပိုင်များကမူ ကျွန်းလူဦးရေထက်ဝက်နီးပါးခန့်မှာ ခရီးသွားလုပ်ငန်းပေါ်တွင် မှီခိုနေရခြင်းဖြစ်သည်ဟု ပြောသည်။

အီတလီနိုင်ငံသည်လည်း မေ ၁၆ ရက်မှစတင်ကာ အီးယူ၊ အမေရိကန်၊ ဂျပန်နှင့် အခြားသောနိုင်ငံများမှ ခရီးသွားများကို ပြန်လည် လက်ခံရန် ပြင်ဆင်ထားသည်။ ခရီးသွားလုပ်ငန်းများ ပြန်လည် ဖွင့်လှစ်လိုက်သည့်အတွက် ကိုဗစ်–၁၉ ကူးစက်မှုများ ရှိလာနိုင်သဖြင့် ဥရောပနိုင်ငံများသည် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်မှု ၂၄၆၈၄၀၀၇ ဦးအထိ ရှိလာ

**နယူးဒေလီ မေ ၁၆**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ အရေအတွက်မှာ မေ ၁၆ ရက် နံနက်ပိုင်းတွင် ၂၄၆၈၄၀၀၇ ဦးအထိ ရှိလာသည်ဟု သိရသည်။ တိုင်းပြည်နေရာအနှံ့ သေဆုံးသူ စုစုပေါင်းမှာလည်း ၂၇၀၂၈၄ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူ နောက်ထပ် ၃၁၁၁၇၀ ထပ်မံတွေ့ရှိခဲ့ပြီး ကိုဗစ်–၁၉ နှင့် ဆက်စပ်ပြီးသေဆုံးသူ ၄၀၇၇ ဦး ရှိသည်ဟု သိရသည်။

ထိုစဉ် တိုင်းပြည်တစ်ဝန်း လူပေါင်း ၃၁၄ သန်းကို ကိုဗစ်–၁၉ ကူးစက်ခံရခြင်း ရှိမရှိ ဆေးစစ်ပေးခဲ့ပြီးပြီဟု သိရသည်။ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၁၈၂ သန်း ရှိပြီဖြစ်သည်။ အိန္ဒိယတွင် ဇန်နဝါရီ အစောပိုင်းမှစတင်ကာ ကိုဗစ်–၁၉ ကာကွယ်ဆေးကို ထိုးပေးခဲ့ခြင်းဖြစ်သည်။ မေ ၁ ရက်မှစတင်ကာ အသက် ၁၈ နှစ်နှင့်အထက်များကိုပါ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း နေရာအတော်များများတွင် ကာကွယ်ဆေးပြတ်တောက်မှုကြောင့် ကာကွယ်ဆေးထိုးရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ရသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် ကြောက်မက်ဖွယ် ကိုဗစ်–၁၉ ဒုတိယအကြော့နှင့် ရင်ဆိုင်နေရပြီး အောက်ဆီဂျင်အပါအဝင် မရှိမဖြစ်လိုအပ်သည့် ဆေးဘက်သုံးပစ္စည်းများ ပြတ်တောက်မှုနှင့်လည်း ရင်ဆိုင်နေရသည်။ **ဆင်ဟွာ**



ပြီးခဲ့သည့် နွေရာသီအတွင်း ပါရီမြို့တွင် သွားလာနေကြသည့်ခရီးသွားများကို တွေ့ရစဉ်။

# ဂျပန်ကုမ္ပဏီများ အိန္ဒိယတွင် ရောက်ရှိနေသည့် ၎င်းတို့၏ ဝန်ထမ်းများကို ပြန်လည်ခေါ်ယူ

**တိုကျို မေ ၁၆**

အိန္ဒိယနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုများပြားနေသည့်အတွက် အိန္ဒိယတွင် အလုပ်လုပ်ကိုင်နေကြသည့် ဂျပန်ကုမ္ပဏီများမှ ဝန်ထမ်းများကို ပြန်လည်ခေါ်ယူမှုများ ပြုလုပ်နေသည်ဟု သိရသည်။ တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်–၁၉ကူးစက်မှုမှာ ၃၀၀၀၀၀ အထက်တွင် ရှိနေသည်မှာ သုံးပတ်ကြာမြင့်နေပြီဖြစ် သည်။ အိန္ဒိယတွင် လုပ်ကိုင်နေကြသည့် ဂျပန် ကုမ္ပဏီများမှာ ၎င်းတို့၏ ဝန်ထမ်းများကို နေအိမ်၌သာ အလုပ်လုပ်ကိုင်ရန် ခွင့်ပြုထားသည်။ သို့သော်လည်းကူးစက်မှုများ ဆက်လက်များပြားဆဲဖြစ်နေပြီး ကျန်းမာရေးစနစ်မှာလည်း ဝန်ပိလျက်ရှိသည့်အတွက် ဂျပန်ကုမ္ပဏီများသည် ၎င်းတို့ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများကို ပြောင်းရွှေ့ပေးရန် စီစဉ်ကြခြင်းဖြစ်သည်။ နယူးဒေလီရှိ ဂျပန်ပြည်ပကုန်သွယ်ရေးရုံး၏ ပြောကြားချက်အရ လွန်ခဲ့သည့်နှစ်အတွင်း ဂျပန်ကုမ္ပဏီပေါင်း ၁၄၅၅ ခုမှာ အိန္ဒိယတွင် လုပ်ကိုင်လျက်ရှိသည်ဟု သိရသည်။

၎င်းတို့ထဲမှ ကုမ္ပဏီ ၈၀ ရာခိုင်နှုန်းမှာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးရန် စီစဉ်လျက်ရှိသည်ဟု ပြောသည်။

နယူးဒေလီရှိ ဂျပန်နိုင်ငံသားများကို မေ ၁၇ ရက်မှစတင်ကာ ဂျပန်သံရုံးတွင် ကိုဗစ်–၁၉ ရှိ မရှိ ဆေးစစ်မှုများ ပြုလုပ်ပေးမည်ဟုလည်း သိရသည်။ ဂျပန်နိုင်ငံသားများ ဂျပန်နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက် သည့်အခါ ကိုဗစ်–၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသရန် လိုအပ်သည်ဟု အာဏာပိုင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အီသီယိုပီးယားတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၄၁၉ ဦး ထပ်တိုး

**အဒစ္စအဘာဘာ မေ ၁၆**

အီသီယိုပီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူ ၄၁၉ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်း ကူးစက်ခံရသူ ၂၆၅၈၃၂ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ထိုစဉ် ကိုဗစ်–၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၁၂ ဦးထပ်တိုးလာခဲ့သည်။ အီသီယိုပီးယားနိုင်ငံသည် အာဖရိကတွင် ဒုတိယ လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်ပြီး အရှေ့အာဖရိကဒေသတွင်း ကူးစက်မှု အမြင့်ဆုံးလည်းဖြစ်သည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ဖော်ပြချက်အရ အီသီယိုပီးယားတွင် ကိုဗစ်–၁၉ ကူးစက်မှုမှာ အာဖရိကတစ်တိုက်လုံး၏ ၆ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်ဟု သိရသည်။ အီသီယိုပီးယားနိုင်ငံသည် အာဖရိကတွင် တောင်အာဖရိက၊ မော်ရိုကိုနှင့် တူနီးရှားနိုင်ငံတို့နောက်တွင် ကူးစက်မှုအမြင့်ဆုံး နိုင်ငံလည်းဖြစ်သည်။ **ဆင်ဟွာ**

# အမေရိကန်တွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် လမ်းညွှန်မှုကိုဖြေလျှော့လိုက်ပြီးနောက် ပြည်သူများအကြား မရေရာမှုများဖြစ်ပေါ်

ကေကေစိုး

**ယခုအခါ အမေရိကန် ထိပ်တန်းကျန်းမာရေးအာဏာပိုင်များက ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသည့် ပြည်သူများသည် အဆောက်အအုံအတွင်း အခြေအနေအများစုတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် မလိုအပ်တော့ဟု ပြောကြားခဲ့ကြသည်။**



**အချို့သော အခြေအနေမျိုးတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်စရာမလိုအပ်တော့ဟု ညွှန်ကြားထားသော်လည်း လေယာဉ်၊ ဘတ်စ်ကား၊ ရထားနှင့် အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာ ဆေးရုံများတွင်မူ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရဦးမည်ဖြစ်သည်။ ယင်းအခြေအနေများကြောင့် လုပ်ငန်းရှင်များနှင့် ဒေသခံအရာရှိများတွင် ဝေခွဲမရ ဖြစ်လာရသည်။။ သိပ္ပံနည်းကျ ထောက်ခံချက်များကို လိုက်နာရမည်လား၊ ယင်းသို့ လိုက်နာလျှင် ပြည်သူများအတွက် သက်သောင့်သက်သာဖြစ်နိုင်ပါ့မလား ဟူ၍ ဝေခွဲမရဖြစ်လာရ**

## ဇဝေဇဝါဖြစ်

ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမလား၊ တပ်ဆင်စရာမလိုတော့ဘူးလားဟူသော မေးခွန်းမှာ ဇဝေဇဝါဖြစ်စရာဖြစ်နေသည်။ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးအပြည့်ထိုးပြီးသူများအတွက် အချို့သောနေရာများတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်စရာမလို ကြေညာပြီး ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများမှာ မသေချာမှုများ ဖြစ်ပေါ်လာရသည်။ ရောဂါ ထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာ၏ ညွှန်ကြားချက်အရ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယခုလိုပြောင်းလဲမှုကို ကြိုဆိုခဲ့သည်။ သို့သော်လည်း လက်တွေ့တွင် မည်သို့အကောင်အထည်ဖော်မလဲဆိုသည့်မေးခွန်းနှင့် ပတ်သက်၍ အငြင်းပွားစရာများ ဖြစ်ပေါ်လာသည်။

## တွန့်ဆုတ်မှုများဖြစ်ပေါ်

ပြည်သူတစ်ယောက်အနေဖြင့် နှစ်ကြိမ်တိုင်တိုင် ကာကွယ်ဆေးထိုးပြီးပြီဟု မည်သို့ ပြောကြားရမည်နည်း။ ကိုဗစ် – ၁၉ ဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်တွင် ဗိုင်းရပ်စ်ကြောင့် လူပေါင်း ၅၈၀၀၀၀ ၏ အသက်များဆုံးရှုံးခဲ့ရပြီး ယခုအခါ အချို့သောအခြေအနေမျိုးတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် မလိုအပ်တော့ လမ်းညွှန်ချက်အပေါ် လုံခြုံစိတ်ချရပါ့မလားဟူ၍ စိုးရိမ်သောကများ ရောက်နေရသည်။ လက်တွေ့၌ အကောင်အထည်ဖော်ရန် ဒေသခံအာဏာပိုင်များနှင့် အလုပ်ရှင်တို့တွင် တွန့်ဆုတ်မှုများ ဖြစ်ပေါ်လာရသည်။

## ဝေခွဲမရဖြစ်လာ

အချို့သော အခြေအနေမျိုးတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်စရာမလိုအပ်တော့ဟု ညွှန်ကြားထားသော်လည်း လေယာဉ်၊ ဘတ်စ်ကား၊ ရထားနှင့်အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာ ဆေးရုံများတွင်မူ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရဦးမည်ဖြစ်သည်။ ယင်းအခြေအနေများကြောင့် လုပ်ငန်းရှင်များနှင့် ဒေသခံအရာရှိများတွင် ဝေခွဲမရဖြစ်လာရသည်။။ သိပ္ပံနည်းကျ ထောက်ခံချက်များကို လိုက်နာရမည်လား၊ ယင်းသို့ လိုက်နာလျှင် ပြည်သူများအတွက် သက်သောင့်သက်သာဖြစ်နိုင်ပါ့မလား ဟူ၍ ဝေခွဲမရဖြစ်လာရသည်။ နယူးယောက်မြို့ ခရီးသွားကုမ္ပဏီ၌ လုပ်ကိုင်နေသည့် အသက် ၄၇ နှစ်အရွယ် အိုင်ဗိုင် မတ်တာကမူ နှစ်ကြိမ်တိုင်တိုင် ကာကွယ်ဆေးအပြည့်ထိုးပြီးသော်လည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်နေဆဲဖြစ်သည်။ ကာကွယ်ဆေးမထိုးရသေးသော်လည်း ပါးစပ်၊ နှာခေါင်းစည်းမတပ်ဘဲ သွားလာနေကြသူများလည်း အများအပြားရှိကြောင်း ၎င်းကပြောသည်။

## သုံးသပ်နေဆဲ

ပါးစပ်၊ နှာခေါင်းစည်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံရေးအရ သဘောထားကွဲမှုများလည်း ဖြစ်ပေါ်ရကြောင်း ကွန်ဆာဗေးတစ်များ အများစု နေထိုင်ရာနေရာများ၌ လစ်ဘရယ်များနေထိုင်ရာ နေရာများထက် ပါးစပ်၊ နှာခေါင်းစည်းမတပ်ဘဲ သွားလာမှုက ပိုများသည်။ မေရီလန်းပြည်နယ်နှင့် ဗာဂျီးနီးယားပြည်နယ်တို့တွင် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ လမ်းညွှန်ချက်များကို လိုက်နာပြီး အဆောက်အအုံအတွင်း၌ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည့် အမိန့်ကို ဖြေလျှော့ပေးခဲ့သည်။ နယူးယောက်ပြည်နယ်နှင့် ဝါရှင်တန်တို့တွင်မူ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး သုံးသပ်နေဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။ အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့် အမိန့်နှင့်ပတ်သက်ပြီး ပြောင်းလဲမှုမျိုး မလုပ်သေးပေ။

## ဟာဿနော့ကာ ပြောကြား

အမေရိကန်သမ္မတကတော် ဂျေးဘိုင်ဒင် ကိုယ်တိုင်ပင်လျှင် အမျိုးသားပြတိုက်သို့သွားသည့်အခါ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသည်ကို တွေ့ရသည်။ ယင်းနေ့မတိုင်မီကလည်း ပါးစပ်၊ နှာခေါင်းစည်းမတပ်လျှင် အဝတ်ဗလာဖြစ်နေသကဲ့သို့ပင် ခံစားရသည်ဟု ဟာဿနော့ကာ ပြောကြားခဲ့သည်။ မင်နီဆိုးတားနှင့် ပန်ဆယ်ဗေးနီးယားတို့တွင်မူ လက်ရှိ စည်းမျဉ်းကိုသာ လိုက်နာလျက်ရှိသည်။ ကွန်နက်တီကက်တွင်မူ လာမည့်သီတင်းပတ်မှစတင်ကာ အသစ်ချမှတ်သွားမည်ဟု သိရသည်။ တက္ကဆက်တွင်မူ မည်သည့်အရာမျှ ပြောင်းလဲသွားခြင်း မရှိပေ။

## ကုမ္ပဏီကြီးများ မည်သို့လုပ်ကိုင်မည်နည်း

ပြည်နယ် ၁၄ ခုတွင် ပါးစပ်၊ နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရမည့်အမိန့်ကို ဖြေလျှော့ပေးပြီးသားဖြစ်သည်။ ကုမ္ပဏီကြီးများအနေဖြင့် ပါးစပ်၊ နှာခေါင်းစည်းကိစ္စနှင့် ပတ်သက်ပြီး မည်သို့ လုပ်ကိုင်ကြမည်နည်း။ လက်လီရောင်းချသည့် ကော်ပိုရေးရှင်းဖြစ်သည့် ဝေါလ်မက်တွင်မူ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသား ဈေးဝယ်သူများနှင့် ဝန်ထမ်းများကို ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် ကင်းလွတ်ခွင့်ပေးမည်ဖြစ်ပြီး ဒေသခံအာဏာပိုင်များက ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရမည်ဟု အမိန့်ထုတ်ထားသည့်နေရာများတွင် ခြွင်းချက်ထားသွားမည်ဟု ပြောသည်။ ကော့စကို ကုမ္ပဏီကလည်း အလားတူပင် လုပ်ကိုင်သွားမည်ဟုပြောကြားခဲ့သည်။ General Motors ကုမ္ပဏီကလည်း လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ဆဲဖြစ်သည်ဟု ပြောသည်။ လာဖေးဂတ်စ်ရှိ ဝင်းကာစီနိုကမူ ကုမ္ပဏီ၏ရပ်တည်ချက်ကို ပြောင်းလဲသွားမည်ဟု ပြောသည်။

## ရှုပ်ထွေးမှုများကိုဖြစ်စေ

သို့သော်လည်း အစားအသောက်နှင့် ကုန်စည်လုပ်သားများ သမဂ္ဂကမူ ယင်းလမ်းညွှန်ချက်ကို သဘောမတူဟု ပြောကြားခဲ့သည်။ အဆိုပါအဖွဲ့အစည်းသည် လူပေါင်း ၁ ဒသမ ၃ သန်းကို ကိုယ်စားပြုသည်။ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ လမ်းညွှန်ချက်မှာ ရှုပ်ထွေးမှုကို ဖြစ်စေသည်ဟု ပြောသည်။ မရှိမဖြစ်လုပ်သားများမှာ ကာကွယ်ဆေးမထိုးရသေးသော်လည်း ဈေးဝယ်သူများနှင့် ဒေသခံအာဏာပိုင်များက ထုတ်ထားသည့် ကိုဗစ် –၁၉ လုံခြုံစိတ်ချရရေး အစီအမံများကို လိုက်နာခြင်းမရှိသည့် ဈေးဝယ်သူများကြောင့် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် အတင်းအကျပ် ဖိအားပေးခံနေရဆဲဖြစ်သည်။ သမဂ္ဂ၏ထောက်ပြချက်ကို ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ကူးစက်ရောဂါပညာရှင် ဂျက်နီဖာနူဇိုက ထောက်ခံခဲ့သည်။

## သတိထားရန်လိုအပ်နေ

စတိုးဆိုင်များနှင့် အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့် ဧရိယာများတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်နေဆဲဖြစ်သည်ဟု ၎င်းကပြောသည်။ သို့သော်လည်း အလုပ်ရှင်များသည် ၎င်းတို့၏ အလုပ်သမားများအတွက် လမ်းညွှန်ချက်အသစ်များ ထုတ်ပြန်နိုင်ကြောင်းနှင့် ကူးစက်မှုများ လျော့ကျလာပြီး ကာကွယ်ဆေးကို အရှိန်တိုးမြှင့် ထိုးနိုင်သည့်အခါမှသာ ပါးစပ်၊ နှာခေါင်းစည်းကို အဝေးသို့ လွှင့်ပစ်နိုင်တော့မည်ဟု ၎င်းက ပြောသည်။ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးပြီးသူများမှာ ၃၆ ရာခိုင်နှုန်းရှိသည်။ ကူးစက်မှုနှုန်းမှာလည်း ကျဆင်းလာသည်။

ယခုကဲ့သို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက လမ်းညွှန်ချက်အသစ်ချမှတ်လိုက်ခြင်းဖြင့် အချို့သောနေရာများ၌ စိတ်အားတက်ကြွမှုရှိလာမည်ဟု အာဏာပိုင်များက မျှော်လင့်ထားသည်။ အချို့သော ပညာရှင်များကမူ သတိကြီးကြီးထားရန် ပြောကြားကြသည်။ အထူးသဖြင့် ကူးစက်မှုနှုန်းတိုးသည့် နေရာများတွင် သတိထားရန် လိုအပ်နေသေးသည်။ ။ **ကိုးကား – အေအက်ဖ်ပီ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ၁၆-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၆၉၆၁၀၈ | ၂၇၀၉၈၆၂၀ | ၅၉၉၈၆၄ |
| ၂။ | အိန္ဒိယ | ၂၄၆၈၄၀၇၇ | ၂၀၇၉၅၃၃၅ | ၂၇၀၃၁၉ |
| ၃။ | ဘရာဇီး | ၁၅၅၉၀၆၁၃ | ၁၄၀၆၂၃၉၆ | ၄၃၄၈၅၂ |
| ၄။ | ပြင်သစ် | ၅၈၆၃၈၃၉ | ၅၀၈၀၃၄၄ | ၁၀၇၅၃၅ |
| ၅။ | တူရကီ | ၅၁၀၆၈၆၂ | ၄၉၃၂၈၃၈ | ၄၄၅၃၇ |
| ၆။ | ရုရှား | ၄၉၄၀၂၄၅ | ၄၅၅၆၀၇၃ | ၁၁၅၈၇၁ |
| ၇။ | ဗြိတိန် | ၄၄၄၈၈၅၁ | ၄၂၇၅၅၀၂ | ၁၂၇၆၇၅ |
| ၈။ | အီတလီ | ၄၁၅၃၃၇၄ | ၃၆၉၆၄၈၁ | ၁၂၄၀၆၃ |
| ၉။ | စပိန် | ၃၆၀၄၇၉၉ | ၃၂၉၇၃၄၀ | ၇၉၃၃၉ |
| ၁၀။ | ဂျာမနီ | ၃၅၉၅၈၇၂ | ၃၂၈၆၄၀၀ | ၈၆၆၆၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၃၉၇၅၀ | ၁၆၀၀၈၅၇ | ၄၈၀၉၃ |
| ဖိလစ်ပိုင် | ၁၁၄၃၉၆၃ | ၁၀၆၉၈၆၈ | ၁၉၁၉၁ |
| မလေးရှား | ၄၇၀၁၁၀ | ၄၂၆၃၁၉ | ၁၉၀၂ |
| မြန်မာ | ၁၄၃၀၆၅ | ၁၃၂၁၁၅ | ၃၂၁၂ |
| ထိုင်း | ၁၀၁၄၄၇ | ၆၅၈၀၃ | ၅၈၉ |
| စင်ကာပူ | ၆၁၅၈၅ | ၆၁၀၆၂ | ၃၁ |
| ကမ္ဘောဒီးယား | ၂၂၁၈၄ | ၁၂၁၂၀ | ၁၅၀ |
| ဗီယက်နမ် | ၄၁၇၅ | ၂၆၆၈ | ၃၆ |
| လာအို | ၁၅၉၁ | ၅၇၄ | ၂ |
| ဘရူနိုင်း | ၂၃၂ | ၂၂၀ | ၃ |






# အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများ ရှိသကဲ့သို့ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်း ရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများ ရှိသကဲ့သို့ အချို့သောဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှု မရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကို အခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်-

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန် သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ ထောက်ခံခြင်း၊

(ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြ ဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့် အခြေအနေရှိ၊ မရှိ၊ ကိုယ်တိုင် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊မရှိ တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထား မှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာ အရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ် မူတည်၍ နိုင်ငံတော် တည်ဆောက်ရေးတွင် ဆက်လက်အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း၊

( ခ) ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) သို့မဟုတ် ၅၀၅-က ဖြင့် တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကိုစိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းကျော် ကုသပေးနိုင်ခဲ့



**နေပြည်တော် မေ ၁၆**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၀၆၂၅၂ ဦးနှင့် အတွင်းလူနာပေါင်း ၆၃၂၃၅ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။ ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၉၆၄၇ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၈၉၉ ဦး၊ စုစုပေါင်း ၁၄၅၄၆ ဦးတို့ကို ခွဲစိတ် ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၄၉၈၈ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၃၄၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၂၃၃၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေ့အပူချိန်များ

**နေပြည်တော် မေ ၁၆**

နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်( တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် နေပြည်တော်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၆**

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါ တို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက် ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်း များနှင့် ဒေသခံများ၏ တောင်းဆို မှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်း တိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင် တိုက်နယ်ဆေးရုံနှင့် ကျောက်ပန်းတောင်း မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ အိအိထွေး | ပါမောက္ခချုပ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ် | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါက်တာ မျိုးမြင့် | ဒုတိယပါမောက္ခချုပ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ် | တမူးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်စောဝင်းမာ | ဌာနမှူး(ဘဏ္ဍာ)၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ် | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဦးအေးငြိမ်းအောင် | ဌာနခွဲမှူး(စီမံ)၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ် | ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါက်တာ စိန်မိမိဦး | တွဲဖက်ပါမောက္ခ၊ မအူပင်တက္ကသိုလ်၊ မအူပင်မြို့ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဦးသံမဏိစိုးအောင် | တွဲဖက်ပါမောက္ခ၊ နည်းပညာတက္ကသိုလ်(မအူပင်)၊ မအူပင်မြို့ | သနပ်ပင်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးမြအောင် | ကထိက၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(မအူပင်)၊ မအူပင်မြို့ | မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဦးစည်သူလွင် | လက်ထောက်ကထိက၊ နည်းပညာတက္ကသိုလ်(မအူပင်)၊ မအူပင်မြို့ | မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဦးအောင်သန်း | လက်ထောက်ကထိက၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(မအူပင်)၊ မအူပင်မြို့ | မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ အောင်ကိုကိုလင်း | လက်ထောက်ကထိက၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်နိုင်ဇင်သန့် (သူနာပြု ဆရာမကြီး) | ကော့သောင်း ပြည်သူ့ဆေးရုံ | ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဦးစောထူးသာ (အထက်တန်း သူနာပြု) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | ဒီးမော့ဆိုမြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၃ | ဒေါ်အေးအေးမာ (အထက်တန်း သူနာပြု) | လယ်ဝေး ပြည်သူ့ဆေးရုံ | ကျောက်ထုမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်အေးကောင်း (အထက်တန်း သူနာပြု) | တောင်ကြီး စဝ်စံထွန်းဆေးရုံ | ရပ်စောက်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၅ | ဒေါ်ဘဲမယ် (အထက်တန်း သူနာပြု) | ဖားဆောင်း ပြည်သူ့ဆေးရုံ | ဖရူဆိုမြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၆ | ဒေါ်ကြည်ဌေး (သူနာပြု) | ဟိုပင် တိုက်နယ်ဆေးရုံ | အင်းတော်ကြီးမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၇ | ဒေါ်သွယ်သွယ်ထွန်း (သူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်စုမြတ်မော် (သူနာပြု) | ရွှေတောင် ပြည်သူ့ဆေးရုံ | ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်စန္ဒာလွင် (သူနာပြု) | မော်လိုက် ပြည်သူ့ဆေးရုံ | ခင်ဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်မိုးစန္ဒာအေး (သူနာပြု) | မော်လိုက် ပြည်သူ့ဆေးရုံ | ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# နီကိုတင်းနဲ့ စွဲလမ်းမှုပြဿနာ

မေ

လူအများနဲ့ဆိုင်တဲ့နေရာတွေမှာ ဆေးလိပ်တွေလက်ကြားညှပ်ပြီး အားပါးတရ ဆေးလိပ်သောက်ကြတဲ့သူတွေကို မြင်ဖူးကြပါလိမ့်မယ်။

ဆေးရုံဆေးခန်းတွေ၊ စာသင်ကျောင်းတွေ၊ အားကစားကွင်းတွေမှာလည်း ဆေးလိပ်သောက်ကြတာမျိုး တွေ့ဖူးကြမှာပါ။ ဒါတွေကို ဥပဒေအရ အရေးယူလို့ရတယ်၊ တိုင်ကြားလို့ရတယ်ဆိုတာကို သိရှိသူကတော့ အတော်လေးနည်းပါးနေပါသေးတယ်။ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်လို့ အခုအချိန်မှာ မိမိနဲ့ မိမိပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးလာတဲ့ ဆေးလိပ်ချစ်သူတွေကိုတွေ့တာနဲ့ သတိပေးတားမြစ်ပေးဖို့ လိုအပ်နေပါပြီ။

### အခိုးအငွေ့ထဲက အရာတွေ

ဆေးလိပ်လို့ ဆိုတဲ့နေရာမှာ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက် စတာတွေ ပါဝင်ပါတယ်။ မိမိတို့လူမျိုးက လက်ဖက်၊ ဆေးလိပ်၊ ကွမ်းယာဆိုတာ ဧည့်သည်ကို ဧည့်ခံဖို့ အိမ်ဦးခန်းမှာ အသင့်ပြင်ထားတဲ့ အရာတွေဖြစ်ပါတယ်။ အခုအချိန်အထိ အချို့ဒေသတွေမှာ မင်္ဂလာဆောင် အခမ်းအနားတွေ စီးကရက်ကမ်းတဲ့ အလေ့အထရှိပါတယ်။

ဆေးလိပ်ထဲမှာ အဓိကပါဝင်တဲ့ ဓာတ်တစ်မျိုးကတော့ နီကိုတင်းပဲ ဖြစ်ပါတယ်။ နီကိုတင်းအပြင် အခိုးအငွေ့တွေထဲမှာ ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော်တောင် ပါဝင်ပါတယ်။ စမ်းသပ်သောက်ကြည့်ရင်းကနေ မသောက်ရမနေနိုင်အောင် စွဲလမ်းစေပါတယ်။ ဆေးလိပ်တစ်လိပ်သောက်လိုက်တာနဲ့ ခန္ဓာကိုယ်ထဲကို ကတ္တရာ၊ နီကိုတင်း၊ ခရီဆော၊ ဖီနော၊ အင်ဒိုးလ်စတဲ့ ကင်ဆာနဲ့ အလုံးအကျိတ်တွေ ဖန်တီးပေးတဲ့ အမှုန်အမွှားတွေ စတင်ဝင်လာတော့တာပါပဲ။

အမှုန်အမွှားတွေအပြင် အငွေ့အဖြစ် အောက်ဆီဂျင်ကို ဝဝလင်လင်မရစေတဲ့ ကာဗွန်မိုနော့ဆိုက်တွေ၊ အသက်ရှူလမ်းကြောင်းမှာရှိတဲ့ ကြွက်သားတွေကို အဆိပ်ဖြစ်စေတဲ့ ဟိုက်ဒရိုဆိုင်ယနစ်အက်စစ်တွေ၊ အမိုးနီးယား၊ ဖော်မယ်လ်ဒီဟိုက်နဲ့ နိုက်ထရိုဂျင် အောက်ဆိုက်စတဲ့ အဆိပ်အတောက်အငွေ့တွေပါ ဝင်ပါတယ်။ ကင်ဆာရောဂါဖြစ်စေအောင် တွန်းအားပေးတတ်တဲ့ နိုက်ထရိုဆာမင်း၊ ဟိုက်ဒရာဇင်းနဲ့ ဗင်နိုင်းကလိုရိုဒ်တွေလည်း အပြည့်ပါဝင်ပါတယ်။

နီကိုတင်းက စိတ်သာယာမှုပေးတာ၊ အစာစားလိုစိတ်ကို လျော့နည်းစေတာ၊ အာရုံခံစားမှုကို တက်ကြွစေတာ၊ စိတ်သောကတွေကို ပြေပျောက်စေတာ၊ စိတ်ဖိစီးမှုကို လျော့ကျစေတာ စတဲ့အရသာတွေကို ရရှိခံစားရစေပါသတဲ့။ ဒါတွေဟာ တကယ်တော့ တဒင်္ဂခံစားမှုတွေပဲဖြစ်ပြီး ဆေးလိပ်အန္တရာယ်ကြောင့် သေဆုံးမှုကတော့ လာမယ့်အနှစ် ၃၀ အတွင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ၅၀ ရာခိုင်နှုန်း၊ မဖွံ့ဖြိုးသေးတဲ့နိုင်ငံဆိုရင် ၇၀ ရာခိုင်နှုန်းလောက်တိုးပြီး သေဆုံးကြဖို့ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုထားပါတယ်။

### ဆေးလိပ်ကပေးတဲ့လက်ဆောင်

ဆေးလိပ်သောက်သုံးသူတွေ အဖြစ်များတဲ့ရောဂါက နှလုံးသွေးကြောရောဂါတွေဖြစ်တဲ့ နှလုံးသွေးကြောကျဉ်းတာ၊ ပိတ်တာ၊ နှလုံးခုန်မမှန်တာ၊ ဦးနှောက်ထဲသွေးကြောတွေပိတ်ပြီး လေဖြတ်တာ၊ ဦးနှောက်အမြှေးပါးအောက် သွေးယိုတာတွေ ဖြစ်တတ်ပါတယ်။ ဆေးလိပ်သောက်တဲ့သူဟာ သွေးတိုးရောဂါအခံသာရှိနေမယ်ဆိုရင် သွေးတိုးရောဂါပိုမိုဆိုးရွားစေနိုင်ပြီး သွေးကြောကျဉ်းတာဟာ ခြေတွေ၊ လက်တွေမှာဖြစ်ခဲ့မယ်ဆိုရင် ဖြတ်တောက်ကုသရတာမျိုးလည်း ကြုံရနိုင်ပါသေးတယ်။ ဆေးလိပ်သောက်သူတွေ အများဆုံးကြုံရနိုင်တဲ့ရောဂါကတော့ အဆုတ်ကင်ဆာဖြစ်ပါတယ်။ နိုင်ငံအနှံ့အပြားမှာ အဆုတ်ကင်ဆာဖြစ်ပွားပြီဆိုရင် သုံးပုံတစ်ပုံက ဆေးလိပ်ကြောင့်ပဲ ဖြစ်ပါတယ်။ အဆုတ်ကင်ဆာအပြင် ခံတွင်းကင်ဆာ၊ အသံအိုး ကင်ဆာ၊ အစာမျိုလမ်းကြောင်းကင်ဆာ၊ ပန်ကရိယကင်ဆာ၊ ဆီးအိမ်ကင်ဆာနဲ့ သားအိမ်ကင်ဆာတွေလည်း ကြုံတွေ့ရနိုင်ပါတယ်။ ဆေးလိပ်ငွေ့တွေကြောင့် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါတွေလည်း ဖြစ်တတ်ပါတယ်။ အဆုတ်လေပြွန်အိတ်တွေ ပျက်စီးသွားတဲ့ ရောဂါဖြစ်နေတဲ့သူတွေအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းခန့်ကလည်း ဆေးလိပ်သောက်ခဲ့လို့ပဲ ဖြစ်ပါတယ်။

ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့်ဖြစ်သော ရောဂါများ




- ❑ **ဆေးလိပ်သောက်သုံးသူတွေ အဖြစ်များတဲ့ရောဂါက နှလုံးသွေးကြောရောဂါတွေဖြစ်တဲ့ နှလုံးသွေးကြောကျဉ်းတာ၊ ပိတ်တာ၊ နှလုံးခုန်မမှန်တာ၊ ဦးနှောက်ထဲသွေးကြောတွေပိတ်ပြီး လေဖြတ်တာ၊ ဦးနှောက်အမြှေးပါးအောက် သွေးယိုတာတွေ ဖြစ်တတ်ပါတယ်။ ဆေးလိပ်သောက်တဲ့သူဟာ သွေးတိုးရောဂါ အခံသာရှိနေမယ်ဆိုရင် သွေးတိုးရောဂါပိုမိုဆိုးရွားစေနိုင်ပြီး သွေးကြောကျဉ်းတာဟာ ခြေတွေ၊ လက်တွေမှာဖြစ်ခဲ့မယ်ဆိုရင် ဖြတ်တောက်ကုသရတာမျိုးလည်း ကြုံရနိုင်ပါသေးတယ်။**
- ❑ **ဆေးလိပ်သောက်သူတွေ အများဆုံးကြုံရနိုင်တဲ့ရောဂါကတော့ အဆုတ်ကင်ဆာဖြစ်ပါတယ်။ နိုင်ငံအနှံ့အပြားမှာ အဆုတ်ကင်ဆာဖြစ်ပွားပြီဆိုရင် သုံးပုံတစ်ပုံက ဆေးလိပ်ကြောင့်ပဲ ဖြစ်ပါတယ်။ အဆုတ်ကင်ဆာအပြင် ခံတွင်းကင်ဆာ၊ အသံအိုး ကင်ဆာ၊ အစာမျိုလမ်းကြောင်းကင်ဆာ၊ ပန်ကရိယကင်ဆာ၊ ဆီးအိမ်ကင်ဆာနဲ့ သားအိမ်ကင်ဆာတွေလည်း ကြုံတွေ့ရနိုင်ပါတယ်။ ဆေးလိပ်ငွေ့တွေကြောင့် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါတွေလည်း ဖြစ်တတ်ပါတယ်။ အဆုတ်လေပြွန်အိတ်တွေ ပျက်စီးသွားတဲ့ရောဂါ ဖြစ်နေတဲ့သူတွေအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းခန့်ကလည်း ဆေးလိပ်သောက်ခဲ့လို့ပဲဖြစ်ပါတယ်**

### ဆေးလိပ်နဲ့အမျိုးသမီး

အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်ခဲ့မယ်ဆိုရင် သန္ဓေသားဆီသွားတဲ့ သွေးကြောတွေကျဉ်းတာ၊ သွေးခဲတာတွေ ဖြစ်နိုင်လို့ ကလေးက အောက်ဆီဂျင် ပြည့်ပြည့်ဝဝမရဘဲ ထိခိုက်စေပါတယ်။ ဆေးလိပ်သောက်သူနဲ့ အတူတူနေမိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေလည်း ဆေးလိပ်ငွေ့တွေ ရှူရှိုက်ရင်းကနေ သားအိမ်ပြင်ပမှာ သန္ဓေတည်တာ၊ သားပျက်သားလျှောတာ၊ လမစေ့ဘဲမွေးတာ၊ ပေါင်မပြည့်တာ၊ ကလေးအသေမွေးတာနဲ့ ကိုယ်အင်္ဂါချို့တဲ့တာဖြစ်နိုင်တဲ့အပြင် ဆေးလိပ်သောက်တဲ့ မိခင်ကနေမွေးတဲ့ ကလေးတွေ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုဟာ အသက် ၁၁ နှစ်အရွယ်အထိ ပုံမှန်မဟုတ်ဘဲ ကြုံလိုတတ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ မြန်မာနိုင်ငံမှာ အမျိုးသမီး ၂၀ ရာခိုင်နှုန်းခန့်က ဆေးလိပ်သောက်သုံးကြတယ်လို့ သိရပါတယ်။

### ဒုတိယမြောက်သားကောင်တွေ (Second Smokers)

ဆေးလိပ်ကို ကိုယ်တိုင်က မသောက်သုံးပေမယ့် ပတ်ဝန်းကျင်နဲ့ မိသားစုမှာ ဆေးလိပ်တဖွာဖွာနဲ့သူတွေ များနေမယ်၊ ဆေးလိပ်ငွေ့တွေ ပျံ့နှံ့နေမယ်ဆိုရင် အနီးအနားကလူတွေ ဖြစ်နိုင်တဲ့ရောဂါတွေက ဆေးလိပ်သောက်သူတစ်ယောက်လို အန္တရာယ်များပါတယ်။ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်းကင်ဆာ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ အစာအိမ်ကင်ဆာ၊ သွေးကြောပိတ်ရောဂါ၊ သွေးကင်ဆာနဲ့ သွေးတိုးရောဂါ စတာတွေ ဖြစ်နိုင်ပါတယ်။ ကလေးတွေ ရုတ်တရက်သေဆုံးတာ၊ ဉာဏ်ရည်မမီတာ၊ ရင်ကျပ်နဲ့လေပြွန်ရောင်ရောဂါတွေကလည်း ဆေးလိပ်ငွေ့ကိုရှူရှိုက်ရာကနေ ဖြစ်တတ်တဲ့ရောဂါတွေပါ။ အထူးသဖြင့် ကလေးတွေဟာ လူကြီးတွေထက် အသက်ရှူနှုန်းမြန်တဲ့အတွက် ဆေးလိပ်ငွေ့ကြောင့်ဖြစ်တဲ့ရောဂါတွေ ပိုပြီးခံစားရတာကိုလည်း သတိပြုစေချင်ပါတယ်။

### ဆေးလိပ်ဖြတ်ကြမယ်

**ဆေးလိပ်သောက်သူတွေ ဆေးလိပ်ဖြတ်တော့မယ်ဆိုရင် အဓိကကြုံရတာက စွဲလမ်းမှု နီကိုတင်းဒုက္ခဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်း မဖြစ်မနေ ဖြတ်မှဖြစ်တော့မယ်ဆိုရင် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချ၊ ဆုံးဖြတ်ထားတဲ့အတိုင်း လိုက်နာပြီး တစ်ကျော့ပြန် မသောက်မိဖို့ကတော့ အရေးကြီးဆုံးဖြစ်ပါတယ်။** ဆေးလိပ်ဖြတ်တဲ့အခါ ရက်အတိအကျသတ်မှတ်ရမှာဖြစ်ပါတယ်။ ဆေးလိပ်ရဲ့ဆိုးကျိုးတွေကို တွေးပြီး သောက်ချင်စိတ်ကို ထိန်းချုပ်ပါ။ ဆေးလိပ်သောက်ချင်စိတ်ပေါ်လာတိုင်း အစားထိုးရန် အစားအစာ၊ ပီကော၊ သကြားလုံး စသည်ဖြင့် ကြိုတင်ပြင်ဆင်ထားဖို့လိုသလို မီးခြစ်၊ ဆေးလိပ်ခွက်၊ ဆေးလိပ်စတဲ့ ပြန်သောက်ချင်မိမယ့်အရာတိုင်းကို ရှင်းလင်းထားဖို့လည်း လိုပါလိမ့်မယ်။ ဆေးလိပ်ပြန်မသောက်မိစေဖို့ ကြာနိုင်သမျှ ကြာအောင်ထိန်းထားပါ။ စိတ်မနိုင်လို့ ပြန်သောက်မိရင်လည်း ပြန်ဖြတ်နိုင်ဖို့ကြိုးစားပြီး ပြတ်တဲ့အချိန်ဟာ ဘဝအတွက် အမြတ်ရတဲ့နေ့လို့ သတ်မှတ်ဖို့လည်း ပညာရှင်တွေက တိုက်တွန်းကြတာကို တွေ့ရပါတယ်။

### ရဲစခန်းသို့ သက်သေနှင့်တကွ တိုင်ကြားပါ

ဥပဒေအရလည်း ဆေးလိပ်သောက်ခွင့် မရှိတဲ့နေရာတွေ သတ်မှတ်ထားပြီးသား ဖြစ်ပါတယ်။ ဆေးရုံ၊ ဆေးခန်း၊ ကစားကွင်း၊ စာသင်ကျောင်း၊ ကုန်တိုက်၊ တက္ကသိုလ်၊ ပြတိုက်၊ စာကြည့်တိုက်၊ အများသုံးဘတ်စ်ကား၊ ကျောင်းကား၊ သင်တန်းကျောင်းတွေ အပါအဝင် အများပြည်သူနဲ့ဆက်စပ်တဲ့နေရာတွေမှာ ဆေးလိပ်သောက်ခွင့် မရှိပါဘူး။ ဆေးလိပ်ပုံကစားစရာတွေ၊ သရေစာတွေလည်း ရောင်းခွင့်မရှိပါဘူး။ ကျောင်းပရိဝုဏ်နဲ့ ကျောင်းပရိဝုဏ်အပြင် ပေ ၁၀၀ အတွင်းမှာလည်း ရောင်းခွင့်မရှိပါဘူး။ အသက် ၁၈ နှစ် မပြည့်သေးတဲ့ ကလေးတွေကို ဆေးလိပ်ရောင်းခွင့်မရှိသလို ပေးခွင့်လည်း မရှိပါဘူး။ လက်ဖက်ရည်ဆိုင်တွေမှာ ၂၀၀ ဖိုး၊ ၃၀၀ ဖိုးစသည်ဖြင့်လည်း ရောင်းချခွင့်မရှိပါဘူး။ အဲဒီလိုတွေကို မြင်တွေ့ကြားသိရရင် နီးစပ်ရာ ရဲစခန်းမှာ သက်သေနဲ့တကွ အမှုဖွင့်တိုင်ကြားနိုင်ပါတယ်။ ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုတွေဖြစ်ပြီး ငွေဒဏ်ချမှတ်အရေးယူမှာ ဖြစ်တယ်ဆိုတာကို သိရှိနားလည်ကြပြီး ဆေးလိပ်အန္တရာယ်ဝေးရာသို့ အသိစိတ်တွေနဲ့ ရှောင်ကြဉ်ကြပါလို့ တိုက်တွန်း အသိပေးလိုက်ရပါတယ်။ ။

# ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန(ဗဟန်း) ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်များ ငှားရမ်းပေး

**ရန်ကုန် မေ ၁၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန(ဗဟန်း) ပြည်သူ့စာကြည့်တိုက်ကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ခေတ္တပိတ်ထားပြီး ယခုအခါ အများပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူငှားရမ်း ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ ပြည်သူ့စာကြည့်တိုက်ကို မေလဆန်းမှ စတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိသည်။

စာကြည့်တိုက်များ ပြန်လည်ဖွင့်ပေးခြင်းအတွက် အလွန်ဝမ်းသာကြောင်း၊ စာအုပ်စာစောင်ကောင်းများကိုလည်း ထပ်မံဖြည့်ဆည်းပေးရန် အကြံပြုကြောင်း စာအုပ်ငှားရမ်းသူတစ်ဦးက ပြောသည်။

အဆိုပါ ပြည်သူ့စာကြည့်တိုက်ကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ဖွင့်လှစ်ပေးလျက်ရှိရာ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်၊ လစဉ်ထုတ် မဂ္ဂဇင်းများ၊ အပျော်ဖတ်ဝတ္ထုများ၊ ရုပ်ပြများ၊ သုတစာပေများစသည့် သုတ၊ ရသ အမျိုးအစား စုံလင်သော စာအုပ်စာစောင်ပေါင်း ၁၄၀၀၀ ကျော်ဖြင့် စာပေချစ်မြတ်နိုးသူ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဖတ်ရှုငှားရမ်းနိုင်ရန် ပြန်လည်ဝန်ဆောင်မှုပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း စာကြည့်တိုက်မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အခမဲ့အသင်းဝင်ရောက်နိုင်ပြီး မိမိတို့ ကြိုက်နှစ်သက်သည့် သုတ၊ ရသစာအုပ်၊ စာစောင်မျိုးစုံကို အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။ **အာကာလင်း**



# လပွတ္တာ၌ နွေရာသီအားကစားနည်းများ ဖွင့်လှစ်သင်ကြားပေး

**လပွတ္တာ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်/မြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းဖွင့်ပွဲကို မေ ၁၂ ရက်က ရဲတံခွန်အားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခင်နှင်းဆီက ကျန်းမာကြံ့ခိုင်မှုရရှိပြီး နိုင်ငံတော်အတွက် အားကိုးအားထား ပြုရမည့် ထူးချွန် ထက်မြက်သော အားကစားသမားကောင်းများ ဖြစ်ပေါ်လာစေရန် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အားကစားသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ကရာတေးဒို၊ အေရိုးဗစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ Ground tennic၊ Table tennic Fitness dance အားကစားနည်း ၁၂ မျိုးကို မေ ၂၅ ရက်အထိ ကျောင်းသား ကျောင်းသူ ၃၅၇ ဦးအား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၀၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၂၀ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၈၀ | ကျပ် | ၁၂၀၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၅၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၇၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၁၁၂၀ | ၁၀၀၈၀၁၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၉၀၅၀ | ၃၁၆၇၅၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၅ | ၃၉၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၉၉ | ၁၉၃၀၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၇ | ၁၉၂၅၀ |
| EFR | ၃၀၅၀ | ၃၀၀၀ | ၆၄၃ | ၁၉၄၀၁၅၀ |

ညီညီ - စုစည်းသည်




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် ရှာငံမြို့နယ်အခြေခံပညာ ( ထက် / လယ် / မူ ) ကျောင်းများမှ ကျောင်းအုပ်များ တွေ့ဆုံ

ရှာငံ မေ ၁၆

ရှမ်းပြည်နယ်တောင်ပိုင်း ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်တွင် ခနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် မြို့နယ်အတွင်းရှိ အခြေခံကျောင်းများမှ (ထက်/လယ်/မူ) ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အ.ထ.က ရှာငံ ပြဒါးလင်းခန်းမ၌ မေ ၁၄ ရက်က ကျင်းပသည်။



ရှေးဦးစွာ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အခြေခံကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာများနှင့် ကာကွယ်ဆေးထိုးနှံမှုများ၊ ကျောင်းများတွင် ငွေကြေးကောက်ခံမှုမရှိဘဲ ဆောင်ရွက်ထားရှိမှု၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့် ပူးပေါင်း၍ လုံခြုံရေးကိစ္စများ ဆောင်ရွက်ထားရှိမှုများ၊ ပညာရေးကဏ္ဍနှင့် ပတ်သက်သည်များကို ရှင်းလင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အခြေခံပညာကျောင်း ကျောင်းအုပ်ကြီးများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျောင်းများဖွင့်လှစ်နိုင်ရေး၊ ကလေးများနှင့် ဆရာဆရာမများ၏ လုံခြုံရေး၊ စာကြည့်တိုက်၊ သောက်သုံးရေ၊ အားကစားကွင်းစသည့် ကျောင်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ခနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ရှာငံမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်ဝင်းလတ်နှင့် ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီး ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆေးရုံတက်ရောက်နေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပန်းခင်းစီမံချက် အိမ်ထောင်စုဇယားများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးသည့်အခမ်းအနား ကျင်းပ

## နေပြည်တော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် မေ ၁၃ ရက်က မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုများ ဆောင်ရွက်လျက်ရှိသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို မေ ၃ ရက်မှ စတင်ဆောင်ရွက်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပန်းခင်းစီမံချက်ဖြင့် မင်္ဂလာသိဒ္ဓိရပ်ကွက်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်နိုင်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်တို့က ဝန်ထမ်းများနေထိုင်ရာ ဝန်ထမ်းတိုက်ခန်းများနှင့် ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်ရာများသို့ ကွင်းဆင်းစာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## မန္တလေး

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ စုစုပေါင်း ၁၈ လတာ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ သိရသည်။

ပန်းခင်းစီမံချက်အဖြစ် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အသက် ၁၈ နှစ်ပြည့်မည့်သူနှင့် ၁၈ နှစ်ပြည့်ပြီးသူများကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက် ရှေ့ပိုင်း မွေးဖွားသူများအား အိမ်ထောင်စု လူဦးရေစာရင်းရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများ၊ အိမ်ထောင်စုလူဦးရေ စာရင်းမရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး လက်ဝယ်ရရှိရေးတို့ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်လင်းထက်**



## လင်းခေး

ပန်းခင်းစီမံချက်အရ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုဇယားများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည့် အခမ်းအနားကို ဝမ်ဟတ်တိုက်နယ် ဝမ်ဟတ်ဌာနေပြည်သူ့စစ်ဌာနချုပ်ရှိ ခန်းမ၌ မေ ၁၄ ရက်က ကျင်းပသည်။

အဆိုပါ ဒေသခံတိုင်းရင်းသားပြည်သူများထံ အိမ်ထောင်စုဇယား ၇၀၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၀ တို့ကို နယ်မြေခံတပ် ဒုတိယဗိုလ်မှူးကြီး ဝင်းအောင်၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး စိုးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ယာယီခရိုင်မှူး ဒေါ်တင်မိုးဆွေ(လက်ထောက်ညွှန်ကြားရေးမှူး)၊ မြို့နယ်(လဝက) ဦးစီးမှူး ဦးထွန်းလှကျော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ဦးတို့က ကျေးရွာပြည်သူလူထုများကိုယ်စား ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျေးရွာအုပ်စုပြည်သူများ၏ကိုယ်စား ဝမ်ဟတ်ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## သိန္နီ

ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနတွင် မေ ၁၅ ရက်ကစ၍ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် သိန္နီမြို့နယ် မိုင်းယန်းကျေးရွာအုပ်စုအတွင်းရှိ ရွာလေးရွာမှ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်လိုသူများအတွက် ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် ကျန်ရှိနေသော သိန္နီမြို့နယ်အတွင်း ကျေးရွာများရှိ ပြည်သူများအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွန်းထံမှ သိရသည်။

**ညီညီပိုင်စိုး (ပြန်/ဆက်)**

## အထက်မင်းလှ

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများနှင့် ရွှေ့ပြောင်းလုပ်သားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက် သင်တန်းဖွင့်ပွဲကို မေ ၁၅ ရက်က မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနရုံး၌ ကျင်းပသည်။

သရက်ခရိုင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်နှင့် ပန်းခင်းစီမံချက်ကို ရှင်းလင်းပို့ချပြီး မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းမင်းက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံဥပဒေပုဒ်မ(၅)၊ပုဒ်မ(၆)၊ပုဒ်မ(၇)တို့ကို ရှင်းလင်းပို့ချခြင်း၊ ဆင်ပေါင်ဝဲမြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်က ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံခြားသား ထိန်းသိမ်းရေးများကို ရှင်းလင်းပို့ချပေးသည်။

အဆိုပါ သင်တန်းကို မင်းလှမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ဝန်ထမ်း ၂၀ ကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဟံသာဝတီမြို့ဟောင်းသိနိုဒ္ဒိတံခါးပေါက် မြို့ရိုးတူးဖော်နေမှုနှင့် ကျုံးတူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေး

**ပဲခူး မေ ၁၆**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ကောင်စီအဖွဲ့ဝင်များနှင့်အတူ မေ ၁၄ ရက်က ပဲခူးမြို့ရှိ ဟံသာဝတီမြို့ဟောင်း သိနိုဒ္ဒိတံခါးပေါက် မြို့ရိုးတူးဖော်နေမှုနှင့် ကျုံးတူးဖော်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံ့ဂုဏ်ပြု ယဉ်ကျေးမှုဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအားလုံးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပဲခူးမြို့တွင် တည်ရှိသည့် ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး တည်ဆောက်ခဲ့သည့် ဟံသာဝတီမြို့ဟောင်းသည်လည်း နှစ်ပေါင်း ၄၅၄ နှစ် သက်တမ်းရှိပြီး စစ်ဘေး စစ်ဒဏ်၊ သဘာဝဘေးဒဏ်၊ စီမံခန့်ခွဲမှုအားနည်းချက်များနှင့် လူတို့၏ ကျူးကျော်ဖျက်ဆီးမှုဒဏ်များကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အထောက်အထားများမှာ တစ်စတစ်စ ယိုယွင်းပျက်စီးနေပြီဖြစ်ကြောင်း၊ ဆက်လက်ပျက်စီးမှု မဖြစ်ပေါ်စေရေး ရှေးဟောင်းအမွေအနှစ် မြို့ရိုးနှင့်ကျုံးများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း။

ဟံသာဝတီ မြို့ဟောင်းကျုံးများကို ပြန်လည်ဖော်ထုတ်တူးဖော်ခြင်းအားဖြင့် ပြည်သူများ အပန်းဖြေနေရာတစ်ခု ဖန်တီးပေးခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို နောင်လာနောက်သားများ တန်ဖိုးထားတတ်စေရန်၊ ရှေးခေတ်က မြို့တစ်ခုတည်ရာတွင် မြို့တော်၏ အကာအကွယ်တစ်ခုအပြင် ရေသွင်း၊ ရေထုတ်စနစ် ဆောင်ရွက်နိုင်ရန် ကျုံးကို ထည့်သွင်းတည်ဆောက်ခြင်းကို သိရှိစေရန်၊ ပဲခူးတိုင်းဒေသကြီးတွင် တောင်ငူမြို့နှင့် ပဲခူးမြို့တို့သည် ကျုံးများနှင့် ပတ်လည်ကာရံထားသော ရှေးဟောင်းမြို့တော်ကြီးများပင် ဖြစ်ကြောင်း၊ ပဲခူးမြို့ကို တိုင်းဒေသကြီးမြို့တော်တစ်ခုအဖြစ် သန့်ရှင်းသာယာလှပစေရေး မြို့ရိုးများ၊ ဂိတ်တံခါးပေါက်များ၊ ကျုံးများနှင့်ကျုံးပတ်လမ်းများ ပြန်လည်ဖော်ထုတ်ရခြင်း ဖြစ်ကြောင်း၊ အဓိကအားဖြင့် ရှေးဟောင်းမှုရင်းပုံစံများ မပျက်စီးစေရန်လည်း အထူးသတိထားဆောင်ရွက်ရန်နှင့် မိုးရာသီမရောက်မီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနရှိ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း ကျုံးတူးဖော်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ဒလမြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ကြိုတင်ပြင်ဆင်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို မေ ၁၄ ရက်က မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

**ကူညီရမည့်လုပ်ငန်းများ ဆွေးနွေး**

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယဉ်ထွေးက အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရေး၊ ကျောင်းများ သန့်ရှင်းသာယာလှပစေရေး၊ မိဘ ဆရာအသင်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ပူးပေါင်းကူညီဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဒလတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်က အခြေခံပညာ ကျောင်းများကို တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ကြိုတင်ပြင်ဆင်နိုင်ရေး**

ထို့နောက် တက်ရောက်လာကြသော မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မိဘဆရာ အသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များက ကျောင်းများ ကြိုတင်ပြင်ဆင်နိုင်ရေးနှင့် လုံခြုံရေးတို့အတွက် လိုအပ်သည်များကို မေးမြန်းကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆွေးနွေးဖြေကြားကြသည်။

**အခမဲ့ထောက်ပံ့ပေးမည်**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိသတ်မှတ်ထားပြီး ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်၊ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း (Grade–1) သို့ အပ်နှံရန် အသိပေးကြေညာထားပြီး ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်း မပြုလုပ်ဘဲ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ နှာခေါင်းစည်းနှင့် မျက်နှာဖုံးအကာတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**စစ်တွေ မေ ၁၆**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ မေ ၁၄ ရက်က တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မောင်တောမြို့ မြို့မကျောင်းတိုက်၌ ကိန်းဝပ်တော်မူလျက်ရှိသော ဘီစီ (၅၆၈) ရက္ခပူရ တတိယဓညဝတီခေတ်တွင် ရခိုင်ဘုရင် စန္ဒသူရိယ သွန်းလုပ်တော်မူခဲ့သည့် မဟာကျန်ဗုဒ္ဓရုပ်ပွားတော်အား သွားရောက် ဖူးမြော်ကြည်ညိုပြီး မြို့မကျောင်းဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မောင်တောနယ်စပ် ကုန်သွယ်ရေး ဆိပ်ခံတံတား (ယခင်အသုံးပြုခဲ့သောနေရာ) ကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကုန်တင်ကုန်ချသင်္ဘောများ ဆိုက်ကပ်မှုနှင့် ယခင်အသုံးပြုမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မောင်တောမြို့ ရွှေဇားကျေးရွာ၌ အိန္ဒိယနိုင်ငံအစိုးရက လှူဒါန်းထားသည့် နေအိမ် ၁၄၈ အိမ်တွင်ပြန်လည်နေရာချထားပြီး နေထိုင်ကြသည့် ဟိန္ဒူလူမျိုးများအား တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ကျေးရွာအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး မောင်တောနယ်စပ် – ကညင်ချောင်း စီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးတို့က နေရပ်စွန့်ခွာသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# လမ်းလျှောက်ရင်း ဘဝတည်ဆောက်ကြမယ်

**— — မောင်ယဉ်ထွေး — —**

**အသက်ငါးဆယ်ရောက်လာတော့ ဘဝလက်ကျန်အချိန်တွေအတွက် စဉ်းစားမိလာပါတယ်။ အသက်ရှင်စဉ် ဘာတွေလုပ်ရမလဲ၊ ဘာတွေလုပ်ဖို့ ကျန်သေးသလဲ၊ ဘာတွေလုပ်ဖို့လိုသလဲဆိုတဲ့ အတွေးတွေပါ။**

ဒီအတွေးတွေနဲ့အတူ ကိုယ့်ခန္ဓာကိုယ်က စိတ်သွားတိုင်း လိုက်ပါမလုပ်နိုင်တာတွေကို သိသိသာသာ အချက်ပေးလာတာ သတိထားလာမိပါတယ်။ အဝလွန်နေတဲ့ ခန္ဓာကိုယ်၊ အဆီတွေစုနေတဲ့ ဗိုက်၊ ကုပ်ပိုးသားတွေ အစ်ထွက်နေတဲ့ပုံက အထိုင်အထ၊ အသွားအလာ ဘယ်လိုမှကို မသက်သာတာ ကိုယ်တိုင်အသိပါ။ ကြာကြာထိုင်ရင် ခြေထောက်တွေက ကျင်၊ စကားနည်းနည်းပြောတာနဲ့ မော၊ လမ်းဝေးဝေးမလျှောက်နိုင်တဲ့ ကိုယ့်အဖြစ်ကိုယ် စိတ်ပျက်အားငယ်စ ပြုလာပါတယ်။

အဝလွန်လို့ ရလာနိုင်တဲ့ အခြားရောဂါတွေ များစွာရှိပါတယ်။ အရင်ဆုံးစပြီး ခံစားမိစေတာကတော့ နေ့စဉ်လူနေမှုဘဝမှာ မသက်မသာနဲ့ ခက်ခက်ခဲခဲ ကျော်လွှားဖြတ်သန်းရှင်သန်ရတဲ့ ကိစ္စပါ။ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ အင်တာနက်တွေပေါ်မှာ ကိုယ်အလေးချိန်လျှော့ချနည်းတွေ မကြာမကြာ ကြည့်မိ၊ တွေ့မိ၊ ဖတ်မိ၊ လေ့လာမိပါတယ်။

ဒါပေမဲ့ မသိလိုက် မသိဘာသာပဲ အမှုမဲ့၊ အမှတ်မဲ့၊ အသိမဲ့၊ သတိမဲ့စွာ ဖြစ်သလို နေထိုင်စားသောက်ခဲ့လေတော့ ကိုယ့်ခန္ဓာကိုယ် ကိုယ်မနိုင်မနင်းဖြစ်လာတော့မှ မျက်ကလူးဆန်ပြာ ဖြစ်လာရပါတယ်။ ဆီးချို၊ သွေးတိုး၊ နှလုံး၊ မောပန်းနွမ်းနယ်၊ အဝလွန်၊ လမ်းဝေးဝေး ကြာကြာမလျှောက်နိုင်၊ မရပ်နိုင်တဲ့ ကိုယ့်အဖြစ်ကိုယ် အားမလို အားမရ ရှက်စိတ်တွေ၊ စိုးရိမ်စိတ်တွေ ပါဝင်လာခဲ့ပါတယ်။ ဒီစိုးရိမ်စိတ်ကပဲ မဖြစ်တော့ဘူး၊ ဝိတ်ချမှရတော့မယ်၊ လမ်းလျှောက်လေ့ကျင့်ခန်းကို နေ့တိုင်းပုံမှန်လုပ်တော့မယ်လို့ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ဒုန်းဒုန်းချလိုက်ပါတော့တယ်။

**စိတ်အားထက်သန်မှုဖွဲ့နဲ့ ပထမခြေလှမ်းကိုစပါ**

ပထမဆုံး လမ်းစလျှောက်တဲ့နေ့ပါ။ ခြေလှမ်းတစ်ရာလောက် လျှောက်မိတာနဲ့ ခြေသလုံးကြွက်သားတွေ၊ ခြေဖဝါးတွေ နာလာပါတော့တယ်။ မောလည်း မောလာပါတယ်။ ဖြစ်မှဖြစ်ပါ့မလားလို့ စိတ်ကစပြီး ဇဝေဇဝါဖြစ်လာပါတယ်။ စစချင်း အားလျှော့ရင် အခုဖြစ်နေတဲ့ ဝေဒနာတွေ ဆုံးရှုံးမှုတွေကို ဘယ်လို တွန်းလှန်ပြုပြင်နိုင်ပါ့မလဲဆိုတဲ့ အသိစိတ်ကို အခြေပြုပြီး နောက်ထပ် ခြေလှမ်းတွေကို အားတင်းပြီး လျှောက်လှမ်းမိပါတယ်။

လမ်းလျှောက်ရာမှာ နှေးနှေး၊ မှန်မှန်၊ မြန်မြန်ဆိုပြီး သုံးမျိုးရှိရာ မြန်မြန်လျှောက်မှ ဝိတ်ကျဖို့ ကျန်းမာရေးအတွက် အထောက်အကူ အမြန်အကျိုးပေးတယ်ဆိုတာ လူတိုင်းသိပြီးသားပါ။ တကယ်တမ်း မြန်မြန်လမ်းလျှောက်ဖို့ဆိုတာ ပြောသလောက်၊ ထင်သလောက်တော့ မလွယ်ကူမှန်း ကိုယ်တိုင်လမ်းလျှောက်တော့မှ သေသေချာချာ ဂဃနဏ သိလာရတာပါ။ သင်စရာမလိုတဲ့ လမ်းလျှောက်နည်းဟာ တကယ်တမ်းတော့ အလေ့အကျင့်ကနေ အလေ့အထ၊ အလေ့အထကနေ အတွေ့အကြုံ၊ အတွေ့အကြုံကနေ နည်းစနစ်ဆိုတာကို သိလာ၊ နားလည်လာတယ်။ လမ်းလျှောက်ရင်း ရလာတဲ့လက်တွေ့ သင်ခန်းစာတစ်ခုဟာ ဘဝအတွက် များစွာတန်ဖိုးရှိလှပါတယ်။



ပထမနေ့မှာတော့ လူအများစု သတ်မှတ်ထားတဲ့အတိုင်း ခြေလှမ်းခြောက်ထောင် စလျှောက်ကြည့်ပါတယ်။ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်လို့ နောင်ရလာမယ့် ကောင်းကျိုးတွေထက် လက်တွေ့ပစ္စုပ္ပန်ဝေဒနာကို သည်းခံစိတ်တွေနဲ့ အားတင်းကျော်ဖြတ်ရပါတော့တယ်။ လမ်းလျှောက်ရင်း လမ်းမပေါ်မှာ ကိုယ့်လို လမ်းလျှောက်နေတဲ့ အသက်ခြောက်ဆယ်လောက် လူကြီးတစ်ဦးကို သွက်လက် တက်ကြွလန်းဆန်း ကြည်နူး ရွှင်ပျစွာ လမ်းမြန်မြန်လျှောက်နေတာကို တွေ့လိုက်တော့ မေးချင်တဲ့မေးခွန်းတွေ ရင်ထဲတစ်သီကြီး ပေါ်လာပါတော့တယ်။

အဲဒါနဲ့ အစ်ကိုကြီး လမ်းနေ့တိုင်းလျှောက်သလားဗျလို့ အစချီပြီး နှုတ်ဆက်စကား ဆိုလိုက်ပါတယ်။ သူက မဆိုင်းမတွပဲ လျှောက်ပါတယ်၊ နေ့တိုင်းလျှောက်တာ ဆယ်နှစ်ရှိပြီလို့ဆိုပါတယ်။ အသက်ကို မေးတယ်ဆိုတာ ရိုင်းတယ်ဆိုပေမယ့် စပ်စုချင်တဲ့စိတ်ကို မထိန်းနိုင်တာကြောင့် အစ်ကိုကြီး အသက် ဘယ်လောက်ရှိပြီလဲ၊ ခုနစ်ဆယ်ပါတဲ့။

ကျွန်တော်ထင်တာနဲ့ တက်တက်စင်အောင် လွဲတော့တာပါပဲ။ ကျွန်တော်က သူ့ကို ခြောက်ဆယ်လောက်လို့ထင်ထားတာ၊ အခုသူကခုနစ်ဆယ်တဲ့ ဆယ်နှစ်တောင်လွဲပြီး ခန့်မှန်းမိတဲ့အထိ နုပျိုတာ၊ ဖျတ်လတ်တာ၊ တက်ကြွတာ၊ ကြည်လင်တာ၊ လန်းဆန်းတာတွေက အသက်ခြောက်ဆယ်လောက်လို့ ထင်မိစေတာပါ။

အဆီမရှိ၊ ပိန်ပိန်ပါးပါးနဲ့ မောပုံပန်းပုံမပြ လမ်းလျှောက်နေရတာ ဘဝနိဗ္ဗာန်လို့ ထင်နေတဲ့ပုံပေါက်နေတဲ့ အသက်ခုနစ်ဆယ်အရွယ် ဦးလေးကို အားကျစိတ်တွေနဲ့ မေးခွန်းတွေ ဆက်မေးမိပါတယ်။ တစ်နေ့ ခြေဘယ်နှလှမ်းလျှောက်လဲဆိုတော့ ခုတော့ တစ်နေ့ ခြေလှမ်း တစ်သောင်းခွဲတဲ့၊ စလျှောက်တုန်းကတော့ ငါးထောင်က စလျှောက်တာ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကဆို အခုင့်ါညီလောက်ဝတယ်၊ ငါ့ညီ အခုပုံစံလိုပဲ အလိုမကျတဲ့ မျက်နှာအမူအရာနဲ့ အရာရာပင်ပန်းနေတဲ့ ပုံပေါ့ကွာတဲ့။ ငါ့ညီကို ပြောချင်တာကတော့ စိတ်ဓာတ်ခိုင်မာစွာနဲ့ ဇွဲအပြည့်နဲ့ လမ်းကိုပုံမှန်လျှောက်ဖို့ ဆုံးဖြတ်ချက်တိကျခိုင်မြဲဖို့က အရေးအကြီးဆုံးသော အရာဖြစ်တယ်။ နောက်ပိုင်း လမ်းလျှောက်ရင်း တိုးပြီး လျှောက်ရဖို့ကတော့ ကိုယ့်ခန္ဓာကိုယ်ရဲ့ ခံနိုင်ရည်၊ ကိုယ့်ရဲ့ ရည်မှန်းချက်ကို အခြေခံပြီး ချိန်ဆဆောင်ရွက်တတ်သွားမှာပါလို့ ပြောလာပါတယ်။

ကျွန်တော်လည်း သူ့ပုံစံကိုကြည့်ကာ လမ်းလျှောက်သက် ဆယ်နှစ်ရှိသူဆီမှာ တပည့်ခံပြီး လမ်းလျှောက်သင်မယ်လို့ ဆုံးဖြတ်ကာ ကျွန်တော် ဦးလေးနဲ့ နေ့စဉ်လမ်းအတူ လျှောက်ပါရစေဆိုတော့ အဆင်ပြေပါတယ်။ ငါ့ညီက လမ်းအတူလျှောက်ရင်း လမ်းလျှောက်နည်းနဲ့ အကျိုးအပြစ်၊ ဆောင်ရန် ရှောင်ရန်တွေ သင်ယူတော့မယ်ပေါ့လို့ ရယ်ရယ်မောမောနဲ့ ပြန်ပြောလာတော့ ကျွန်တော်လည်း ရယ်ကျဲကျဲနဲ့ ဝန်ခံခေါင်းညိတ်လိုက်ပါတယ်။

**လမ်းဘာကြောင့်လျှောက်သင့်သလဲ**

**ယနေ့ကမ္ဘာပေါ်မှာ ဖြစ်နေတဲ့ ရောဂါတွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကူးစက်ရောဂါကြောင့် မဟုတ်ဘူးဗျ။ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အူကင်ဆာ၊ ရင်သားကင်ဆာ၊ အရိုးပွ စတဲ့ရောဂါတွေဖြစ်ပြီး ဒီရောဂါတွေဟာ ကိုယ်လက်လှုပ်ရှားမှု မလုံလောက်လို့ နည်းလို့ဖြစ်တဲ့ ရောဂါတွေပေါ့ဗျာ။** ဇိမ်ကျမှုနဲ့ ကျန်းမာမှု ဘယ်အရာက ပိုအရေးပါလဲလို့ လမ်းလျှောက်ဖော်ဦးလေးရဲ့ မေးခွန်းက ရိုးရှင်းသော်လည်း ပြောလိုသိစေလိုတဲ့ အချက်ပေါင်းများစွာ ပါဝင်နေပါတယ်။

တစ်ဘဝတာ ဇိမ်ကျကျနေနိုင်ဖို့ဆိုတာ ကျန်းမာမှုဖြစ်မှာပေါ့။ ငါ့ညီ ကျန်းမာအောင် ဒီသုံးချက်ကို အလေးထားလိုက်နာသင့်တယ်။ (၁) အစာအာဟာရ (၂)အနားယူမှု (၃) ကိုယ်လက်လှုပ်ရှားမှုတွေကို ညီညွတ်မျှတစွာ ကျန်းမာရေးကို ရှေးရှုလို့ အသိ၊ သတိအပြည့်နဲ့ နေထိုင်ပါမှ တကယ်ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာသူ ဖြစ်လာပါလိမ့်မယ်။ အပြောလွယ်သလောက် နေ့စဉ်လုပ်နိုင်ဖို့ဆိုတာတော့ ကိုယ်တိုင်အသိနဲ့ ကိုယ့်ကိုယ်ကိုယ် သတိပေးထိန်းကျောင်းနိုင်မှုက အရေးကြီးဆုံးပဲဗျ။

ဒီသုံးချက်ကို လမ်းလျှောက်ခြင်းနဲ့ အစပြုလို့ နေ့တစ်နေ့ချင်းစီမှာ အစီအမံနဲ့ ဖြတ်သန်းပုံစံချရင် လပိုင်း၊ နှစ်ပိုင်းအတွင်း ငါ့ညီ ကျန်းမာရွှင်လန်းတဲ့ ပျော်ရွှင်စရာဘဝတစ်ခု စနိုင်လာမှာဖြစ်ပါတယ်။ လမ်းလျှောက်ရာမှာ ပင်ပန်းမှု မလွန်ကဲအောင်လည်း အလေးထားဖို့ လိုတယ်ဗျ။ ပင်ပန်းလွန်းတဲ့အခါ ဒေါသထွက်တာ၊ စိတ်ရှုပ်၊ စိတ်ကျ၊ နောင်တရ၊ စိတ်အာရုံ မစုစည်းနိုင်၊ အိပ်မပျော်၊ ခေါင်းကိုက်၊ နားအူ၊ ခေါင်းမူး၊ ဆံပင်ကျွတ်၊ ဆီးခဏခဏသွား၊ မှတ်ဉာဏ် ချို့ယွင်း၊ ဗိုက်ရွဲတာတွေ ဖြစ်တတ်လို့ ငါ့ညီဒါတွေကိုလည်း သတိထားပြီး ချိန်ဆတတ်ရမယ်။

**ကိုယ်လက်လှုပ်ရှားမလုပ်တဲ့ အန္တရာယ်ဟာ ဆေးလိပ်သောက်တာထက် ဆိုးတယ်လို့လည်း ဆိုကြတယ်။ လမ်းမလျှောက်ရင်တော့ ကြွက်သားအားမရှိခြင်း၊ လည်ပင်းပခုံးရောဂါ၊ နှလုံးသွေးကြောရောဂါ၊ ဝဖိုင့်မှု၊ ကိုယ်ခံအားကျဆင်းမှုတွေ ဖြစ်လာတာဖြစ်လို့ အခုလိုလမ်းလျှောက်တာဟာ စရိတ်စက အနည်းဆုံးနဲ့ ရောဂါကာကွယ်ဆေးတွေ သောက်နေထိုးနေတာနဲ့ အတူတူပဲ လို့** လမ်းလျှောက်ဖော်ဦးလေးက ဆိုပါတယ်။

ကျွန်တော်တို့ နေ့စဉ်နံနက်စောစော ခြေလှမ်းတစ်သောင်းစီ လမ်းလျှောက်ကြရင်း လမ်းလျှောက်ခြင်း အကျိုးကျေးဇူးတွေ အများကြီး ပြောဖြစ်ကြပါတယ်။ အခုဆို ပေါင်နှစ်ရာကျော်တဲ့ ကျွန်တော်လည်း ပေါင်တစ်ရာ့ငါးဆယ် ဖြစ်သွားပါပြီ။ စိတ်လက်ကြည်လင်ပြီး ကျန်ရှိနေတဲ့ ဘဝလက်ကျန်အချိန်တွေအတွက် ဆေးထိုး ဆေးသောက် ဆေးရုံ၊ ဆေးခန်းရောက်ရမယ့် အချိန်တွေ အခြေအနေတွေကို အတိုင်းအတာတစ်ခုအထိ ကာကွယ်တားဆီးထားလိုက်နိုင်ပါပြီ။

လမ်းပုံမှန်လျှောက်ရင်း လမ်းလျှောက်သင်ခန်းစာမှသည် ဘဝတစ်ခု တည်ဆောက်နည်းသင်ခန်းစာတွေကိုပါ လက်တွေ့ကျကျ တွေးခေါ်စဉ်းစားတတ်လာပြီလို့ ကိုယ်တိုင်ခံစား နားလည်လာမိပါတယ်။

ငယ်ငယ်ရွယ်ရွယ်၊ ကြီးကြီးအိုအို လမ်းလျှောက်ခြင်းအနုပညာတစ်ခုဖြင့် ကိုယ်စီဘဝတွေကို ရိုးရှင်းစွာ တည်ဆောက်နိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။ ။

❒ **ယနေ့ကမ္ဘာပေါ်မှာ ဖြစ်နေတဲ့ ရောဂါတွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကူးစက်ရောဂါကြောင့် မဟုတ်ဘူးဗျ။ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အူကင်ဆာ၊ ရင်သားကင်ဆာ၊ အရိုးပွ စတဲ့ရောဂါတွေ ဖြစ်ပြီး ဒီရောဂါတွေဟာ ကိုယ်လက်လှုပ်ရှားမှု မလုံလောက်လို့ နည်းလို့ဖြစ်တဲ့ ရောဂါတွေပေါ့ဗျာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး/သတိပေးနှိုးဆော်ချက်(၃)

နေ့စွဲ-(၇.၅.၂၀၂၁)

ကိုရိုနာဗိုင်းရပ်စ် (COVID–19) ကပ်ရောဂါသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် အရှိန်အဟုန်ဖြင့်ဆက်လက် ကူးစက်ပြန့်ပွားလျက်ရှိရာ ရောဂါကူးစက်ဖြစ်ပွားသူဦးရေ (၁၅၆.၇) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ (၃.၂) သန်းကျော်ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ရောဂါသည် အရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **“ကိုရိုနာဗိုင်းရပ်စ်ရောဂါမိမိကစ၍ ကာကွယ်ပါ”** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေလိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည်–

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက် (၆၀) နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/ သွေးတိုး/ နှလုံးစသည့်…နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း ရတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မြို့နယ်အချို့၌ ပြည်သူလူထုမှ လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၆**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့်ပြည်သူလူထုများမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိကြောင်း သိရှိရသည်။

**လာရောက်အပ်နှံခဲ့**

ထိုသို့အပ်နှံရာတွင် မေ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဇရပ်စမ်းကျေးရွာမှ ပြည်သူတစ်ဦးက လက်လုပ်လေသေနတ်တစ်လက်အား လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ ခမောက်ကြီးမြို့အမှတ်(၄)ရပ်ကွက်နှင့် ကျေးရွာများမှ လက်လုပ်လေသေနတ် ၁၃ လက်၊ လက်လုပ်တူမီးသေနတ် ခုနစ်လက်၊ လက်လုပ်ဂက်စ်သေနတ် သုံးလက်၊ တူမီးသေနတ်ပြောင်း လေးချောင်းနှင့် ပြောင်းတိုက်တံ သုံးချောင်းတို့အား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တူမီးသေနတ် ၁၄၅ လက်၊ လက်လုပ်လေသေနတ် ကိုးလက်တို့အား လည်းကောင်း ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၆**

မတရားအသင်းကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများ အနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းကို အကြမ်းဖက်သူများက မီးရှို့



**နေပြည်တော် မေ ၁၆**

ချင်းပြည်နယ် ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းကို ယနေ့နံနက် ၆ နာရီ ၂၅မိနစ် ခန့်တွင် အကြမ်းဖက်သူများ၏ မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွား ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများ က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်း ငြှိမ်းသတ်ခဲ့သဖြင့် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ သည်။ (ယာပုံ)

အဆိုပါမီးလောင်မှုကြောင့် စာသင်ဆောင်နှစ်လုံးနှင့် ပရိဘောဂ ပစ္စည်းများ မီးလောင်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း လိုက်လံ စုံစမ်း ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လပွတ္တာမြို့နယ်၌ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ခြံစည်းရိုးအုတ်တံတိုင်းများတွင် နိုင်ငံတော်ဆန့်ကျင်ရေး ရုပ်ပုံနှင့် စာသားများ လိုက်လံရေးဆွဲနေသူ အမျိုးသားတစ်ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီး

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ် မှ သွေးထိုးလှုံ့ဆော်နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက် အမှောင့် ဆောင်ရွက်လိုသူအချို့မှလည်း နိုင်ငံတော်ဆန့်ကျင်ရေး စာသားများအား အများပြည်သူသုံး လမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင် ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များအား ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ် ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ အမှတ်(၁)ရပ်ကွက်နေ စိုးဝဏ္ဏထွန်း(၂၁နှစ်) (ဘ)ဦးမြတ်တိုးသည် စည်ပင်သာယာလမ်း လမ်းဘေးခြံစည်းရိုး၌ နိုင်ငံတော်ဆန့်ကျင်ရေး ရုပ်ပုံနှင့်စာသားများ မှုတ်ဆေးအနက်ရောင်ဖြင့် လိုက်လံရေးဆွဲနေသည်ကို တွေ့ရှိရသဖြင့် ထိန်းသိမ်း စစ်ဆေးခဲ့ရာ ၎င်းထံမှ နိုင်ငံတော်ဆန့်ကျင်ရေး ရုပ်ပုံနှင့် စာသားများပါ ခတ်ပုံစတေကာများနှင့် အနက်ရောင်မှုတ်ဆေးဘူး တစ်ဘူးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ စိုးဝဏ္ဏထွန်းအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူ အကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ဆက်လက် ဖော်ထုတ် သိမ်းဆည်းလျက်ရှိ သည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းလျက်ရှိရာ မေ ၁၅ ရက် ညနေ ၃ နာရီတွင် စစ်ကိုင်း တိုင်းဒေသကြီး ခင်ဦးမြို့နယ် ကံသာယာ(တ) ကျေးရွာနေ ရန်အောင်(ဘ) ဦးဝင်းမောင်၏ နေအိမ်မှ မီးစာတပ်ဆင်ထားသည့် ခတ်ဆီပုလင်း ကိုးလုံး၊ ဂျင်ကလိ ငါးချောင်း၊ ဖဲထီးသံချောင်းဖြင့် ပြုလုပ်ထားသည့် မြားတံ ၁၀ ချောင်း၊ ဝါးမြားတံ ၂၀ ချောင်း၊ သံပိုက် ၁၀ ချောင်း၊ သံချောင်း ၁၀ ချောင်း၊ စက်ဘီးဘောစေ့ ၁၀၀၊ ခဲသီး ငါးလုံး၊ ခဲသီး ပြုလုပ် ရာတွင် အသုံးပြုသည့် ပုံစံခွက် တစ်ခု၊ ခဲချောင်း ၃၀၊ လေးခွ တစ်လက်၊ ဓားမတစ်ချောင်း၊ ဟန်းစပီကာတစ်ခုနှင့် အခြား ဆက်စပ်ပစ္စည်းများအား လည်း ကောင်း၊ ညနေ ၄ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ရေနံ ချောင်းမြို့နယ် ရွာသစ်ရပ်ကွက် မြို့မမြောက်ရပ်ကွက်၊ သဘာဝ ရိပ်သာ သီလရှင်ကျောင်းဝင်း အတွင်းရှိအဆောက်အအုံတစ်လုံး အတွင်းမှ ရုံးဆိပ်ကျွန်းကျေးရွာနေ ထွန်းလင်းသူ(၃၀နှစ်)ပါ အမျိုး သား ငါးဦးအား သံပိုက်ဖြင့် ပြင်ဆင်ထားသည့် စနက်တံမပါ လက်လုပ်ဗုံး ၄၀၊ သံပိုက်ဖြင့် ပြုလုပ်ထားသည့် စနက်တံပါ လက်လုပ်ဗုံး ၁၅ လုံး၊ ကတ်ထူ စက္ကူဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး နှစ်လုံး၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကသဲအုပ်စု ကမ္ဘာအေးရပ်ကွက်နေ ဇေယျာ သိန်း(ဘ)ဦးစိုးပိုင်အား လက်လုပ် မိုင်း နှစ်လုံး၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ ည ၈ နာရီ မိနစ် ၂၀ တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အမှတ်(၁) ရပ်ကွက် မြို့ရှောင်လမ်း၌ ရွှေသာ ကုန်း ကျေးရွာနေ ဇော်မိုး (၄၆နှစ်) (ဘ)ဦးသိန်းရွှေ မောင်းနှင်လာ သော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းလွယ်ထား သော လွယ်အိတ်အတွင်းမှ အရိုး/ အသွား ကိုးလက်မခန့်ရှိစကောဘာ တစ်ချောင်း၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း တွေ့ရှိသိမ်းဆည်း ရမိသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သို့ဝှက်သိမ်းဆည်းထားရှိသူများ ကို ဥပဒေနှင့်အညီ ဖော်ထုတ် အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

ရဲပြန်ကြား

# KIA အဖွဲ့မှ ထောင်ထားသည့် နင်းမိုင်း နင်းမိပေါက်ကွဲသဖြင့် ဒေသခံပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၆**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကွမ်ဘန်ကျေးရွာအုပ်စု ဝဝမ် ကျေးရွာနေ ဦးတူးမိုင်(ဘ)ဦးခန့် ဂျယ်လရစ်နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခေါန်ရာတို့ သည် မေ ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် တောင်ယာသို့သွားရောက်စဉ် ကျေးရွာ၏အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာသို့အရောက်၌ KIA အဖွဲ့မှ ထောင်ထားသည့် နင်းမိုင်း နှစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါမိုင်းထိလူနာကို ဗန်းမော်ပြည်သူ့ဆေးရုံ သို့ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု မြေနီကုန်းကျေးရွာတွင် လက်လုပ်ဂက်စ်သေနတ်များ တူးဖော်တွေ့ရှိ

**လှိုင်းဘွဲ့ မေ ၁၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု မြေနီကုန်း ကျေးရွာလမ်းဘေး ကျွန်းတောအနီး လယ်ကွင်းထဲ၌ လက်လုပ်ဂက်စ် သေနတ်များ ဝှက်ထားကြောင်း ကြားသိရသဖြင့် တာဝန်ရှိသူများက မြေနီကုန်းကျေးရွာသွား လမ်းဘေးကျွန်းတောအနီး လယ်ကွင်းထဲ၌ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ စစ်ဆေးခဲ့ရာတွင် သုံးထပ်သားဖြင့် အုပ်ထားသော အနက် တစ်ပေ၊ အကျယ်နှစ်ပေ၊ အရှည် လေးပေခန့်ရှိ မြေကျင်းအတွင်း ပလပ်စတစ်အိတ်ဖြင့် အုပ်ထားသော လက်လုပ်ဂက်စ်သေနတ် ခြောက်လက်နှင့် ပြောင်းခြောက်ခု၊ တူမီးသေနတ်သုံးလက်၊ တူမီးပြောင်း သုံးခု၊ ယမ်းထောင်းတံ တစ်ခုတွေ့ရှိပြီး တဲပေါ်မှ ကျဲကြိုတံဆိပ်ပါ အစိမ်းရောင် လွယ်အိတ်အတွင်း၌ ယမ်းထုပ်တစ်ထုပ်၊ ကြွပ်ကြွပ် အိတ်ဖြင့် ထုပ်ထားသော မီးသွေးမှုန့်တစ်ထုပ်၊ ပလတ်စတစ်ဖြင့် ထည့်လျက် အုန်းဆံတစ်ဘူး၊ စနက်တံတပ်ဆင်ပြီး ယမ်းထောင့် ထည့်ထားသည့် ပုလင်းနှစ်လုံး၊ ဂက်စ်ဘူး ရစ်ဘူး၊ ဘောစေ့များထည့် ထားသော အနီရောင်အိတ်နှစ်လုံး၊ စနက်တံကြိုးများ ထည့်ထား သော အစိမ်းရောင်ဘူးတစ်ဘူး၊ သံဖြတ်လွှတစ်ချောင်း၊ ကတ်ကြေး တစ်လက်၊ တူတစ်လက်၊ ခတ်ခဲနှစ်လုံးကို အနက်ရောင်တိပ်ဖြင့် ပတ်၍ ဝိုင်ယာကြိုးတပ်ထားသည့် အထုပ်ကိုးထုပ်တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းခဲ့ရကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# ချမ်းမြသာစည်မြို့နယ်၌ အဖျက်အမှောင့်လုပ်ငန်းလုပ်ဆောင်ရန် လက်လုပ်မိုင်းယူဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်အား ဆက်လက်စိစစ်ခဲ့ရာ ဖောက်ခွဲရေးပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော်၊ မေ ၁၆**
မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ အဖျက်အမှောင့်လုပ်ငန်း လုပ်ဆောင်ရန် လက်လုပ်မိုင်းယူဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်အား ဆက်လက်စိစစ်ခဲ့ရာမှ ဖောက်ခွဲရေးပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ညနေ ၄ နာရီခွဲခန့်တွင် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအနီး လမ်းပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးပွားခုံးကျော်တံတားအတိုင်း အောင်မြေသာစံမြို့နယ် မြောက်ပြင်အကွက်(၃၆) ဆရာစံဈေးမြောက်ပေါက်ရှိ မြတ်မင်းဦး (ဘ) ဦးသစ်တင်ဦး မောင်းနှင်ပြီး ဘခက် (စိစစ်ဆဲ) စီးနင်းလာသော ဆိုင်ကယ်သည် အဖျက်အမှောင့်လုပ်ငန်း ပြုလုပ်ရန်အတွက် လက်လုပ်မိုင်းတစ်လုံး သို့ဝှက်ယူဆောင်ခဲ့ပြီး မောင်းနှင်လာစဉ် အဆိုပါနေရာအရောက် ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဘခက်၏ ဝဲဒူးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ထွက်ပြေးသွားခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ မြတ်မင်းဦးကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူ မြတ်မင်းဦး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ဓာတ်ခဲလေးလုံး၊ ဆိုင်ကယ် ဘက်ထရီအိုးနှစ်လုံး၊ အချိုရည်ဘူးဖြင့် ပြုလုပ်ထားသော စနက်တံပါ လက်လုပ်မိုင်း ရှစ်လုံး၊ Keypad ဖုန်းအဟောင်း လေးလုံး၊ Tablet ဖုန်းအဟောင်း ခြောက်လုံး၊ ဝိုင်ယာကြိုးအပိုင်းအစများ၊ စားပွဲတင်နာရီ တစ်လုံး၊ Laptop တစ်လုံးနှင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။


ချမ်းမြသာစည်မြို့နယ်၌ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူ မြတ်မင်းဦး။

အဆိုပါဖြစ်စဉ်တွင် ထွက်ပြေးတိမ်းရှောင်သွားသူ ဘခက်(စိစစ်ဆဲ)အား ဖမ်းဆီးရမိနိုင်ရေးနှင့် ဖမ်းဆီးရမိသူ မြတ်မင်းဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ်ရှိ Denko ဆီဆိုင်၌ အကြမ်းဖက်သူများမှ လက်လုပ်မိုင်း ဖောက်ခွဲမှုကြောင့် မီးလောင်မှုဖြစ်ပွား အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၆**
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Denko ဆီဆိုင်၌ အကြမ်းဖက်သူများမှ လက်လုပ်မိုင်းဖောက်ခွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


လက်လုပ်မိုင်းပေါက်ကွဲပြီး မီးလောင်မှုဖြစ်သည့် Denko စက်သုံးဆီဆိုင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်မီးငြိမ်းသတ်ကြစဉ်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ခေမာသီလမ်းရှိ Denko ဆီဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွား၍ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ပြီး အဆိုပါ ပေါက်ကွဲမီးလောင်မှုကြောင့် ဆီဆိုင်ရှိ ဆီပန့်အမှတ်(၄) ဘေးတွဲဆိုင်ကယ်တစ်စီး၊ ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ပြီး ဆီဆိုင်ဝန်ထမ်းနှစ်ဦးနှင့် ဆီလာဖြည့်သည့် အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးတို့တွင် မီးလောင်ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ရေး မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့သည်။

အဆိုပါမီးလောင်ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆီဆိုင်ရှိ CCTV မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခဲ့ရာ ညနေ ၄ နာရီ ၆ မိနစ်တွင် အကြမ်းဖက်သူ အမျိုးသားနှစ်ဦးသည် ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာပြီး ဆီဖြည့်ဟန်ဆောင်၍ လက်လုပ်မိုင်းဟုယူဆရသော Bluetooth Speaker Box တစ်လုံးကို ဆီပန့်အမှတ်(၄) တိုင်ခြေတွင် ချထားကာ ပြန်လည်ထွက်ခွာသွားခဲ့ပြီး ၅ မိနစ်ခန့် အကြာတွင် အဆိုပါနေရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း လိုက်လံစုံစမ်း ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သောင်းကျန်းသူများက လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၆**
တိုင်းဒေသကြီး၊ ပြည်နယ်အချို့၌ မြို့နယ်အချို့ရှိ လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ မြို့မ(၂) ရပ်ကွက်ရှိ ကန်ပက်လက်မြို့မရဲစခန်းကို လက်နက်ကိုင်သောင်းကျန်းသူများက ရဲစခန်း၏ အရှေ့မျက်နှာစာနှင့် မြောက်ဘက်တို့မှ လည်းကောင်း၊ ည ၁၂ နာရီ ၅ မိနစ်ခန့်တွင် ရဲစခန်းတောင်ဘက်မှလည်းကောင်း အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ပစ်ခတ်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အလားတူ မေ ၁၆ ရက်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ်ဆိပ်ကမ်း၌ ရပ်တန့်ထားသော "ပင်လုံ" သင်္ဘောသည် ရွှေကူဆိပ်ကမ်းမှ ဗန်းမော်မြို့သို့ နံနက် ၄ နာရီ ၃၅ မိနစ်ခန့်တွင် ထွက်ခွာလာခဲ့ရာ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် နောင်မိုးကျေးရွာအနီးသို့အရောက်၌ လက်နက်ကိုင်သောင်းကျန်းသူများက မြစ်ကမ်းပေါ်မှ ဝဲ၊ ယာနှစ်ဖက်မှနေ၍ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဆိုပါသင်္ဘောတွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင်အကြမ်းဖက်သူများပစ်ခဲ့သည့် လက်နက်ကြီးကျည် သင်္ဘောပေါ်ကျရောက်ပေါက်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ဖုံးသီးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့စခန်းများကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူများအား ရှင်းလင်းသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာတွင် မီးလောင်မှုကြောင့် လူနေအိမ်နှစ်လုံးဆုံးရှုံး

**လှိုင်းဘွဲ့ မေ ၁၆**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာတွင် မေ ၁၅ရက် ည၁၁နာရီ ၁၅ မိနစ်က ရွာသစ်(၁)ရပ်ကွက်အတွင်း မီးလောင်မှုဖြစ်ကာ နေအိမ်နှစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရွာသစ်(၁)ရပ်ကွက်ရှိ ဒေါ်ဖွားချစ်၏ နေအိမ်သို့ လာရောက်နေထိုင်သူ ရွှေစည်သာရပ်ကွက်မှ မြေးတော်စပ်သူ မသိန်းသိန်း (၁၀ နှစ်) သည် ဖယောင်းတိုင်မီးထွန်းကာ ဆော့ကစားရာမှ ဒေါ်ဖွားချစ်၏ နေအိမ်နှင့် ယင်းနေအိမ်အနီးရှိ ဦးတင်လှိုင်၏ နေအိမ်တို့ကို မီးလောင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ရာသို့ ရွှေဂွန်းမီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၄၅မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ဒေါ်ဖွားချစ် နေအိမ်နှင့် ဦးတင်လှိုင် နေအိမ်တို့ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**


လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားစဉ်။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) တို့သည် “Civil Disobedience Movement–CDM” တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အစဉ်တစိုက် လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ “CRPH” နှင့် “NUG” အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် “NUG” အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ “NUG” နှင့် “PDF”တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟုအမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ “CDM” ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ “CDM” မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရသို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force – PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

နေပြည်တော် မေ ၁၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

**❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**




## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော် လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော် လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်သော် လည်းကောင်း မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း
- ဆေးလွန်သဖြင့် မိန်းမောစွာ အိပ်ပျော်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးရခြင်း
- ထုံနာကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း
- တက်ခြင်း
- နှလုံးအတွင်းသား ရောင်ရမ်းခြင်း
- ဆေးထိုးအပ်ကို မျှသုံးခြင်းကြောင့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင် အသားဝါဘီနှင့် စီရောဂါအပါအဝင် သွေးမှတစ်ဆင့် ကူးစက်သောရောဂါများ ဖြစ်ပေါ်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**

**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပန်းဘဲတန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ကုန်စျေးတန်းလမ်း အလယ်ဘလောက်ရှိ နေအိမ်နှင့် စျေးဆိုင်ခန်းများ မီးလောင်မှုဖြစ်



**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၄) ရပ်ကွက် ကုန်စျေးတန်းလမ်း အလယ်ဘလောက်ရှိ Myanmar Supply Co,Ltd ရေမွှေးဆီရောင်းဝယ်ရေးလုပ်ငန်း အဆောက်အအုံ၌ မေ ၁၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားသည်။ (ယာပုံ)

မီးလောင်နေကြောင်းသတင်းပေးပို့မှုအရ ကျောက်တံတားမြို့နယ်မီးသတ်စခန်းမှမီးငြိမ်းသတ်ရေးယာဉ်များက စတင်ထွက်ခွာငြိမ်းသတ်ပေးခဲ့သော်လည်း မီးလောင်မှုအရှိန်ကြောင့် မီးအား ပိုမိုများပြားလာသည့်အတွက် နောက်ထပ် Level 2-3 အဆင့်အထိ မီးငြိမ်းသတ်ရေးယာဉ်များ စုပေါင်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ၁၂နာရီ ၅၂ မိနစ်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်ရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ဦးဆောင်မှုဖြင့် ကွပ်ကဲမှုယာဉ် ခုနစ်စီး၊ မီးငြိမ်းသတ်ရေးယာဉ် ၄၅ စီး၊ ရေသယ်ယာဉ် ၁၂ စီး၊အထောက်အကူပြုယာဉ်ရှစ်စီးတို့နှင့် အတူသန္နေမီးသတ်တပ်ဖွဲ့ဝင် ၄၇၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၉ ဦးတို့က ငြိမ်းသတ်ပေးခဲ့ကြခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် အကျယ် လေးခန်းတွဲ သုံးထပ်အဆောက်အအုံမှ အခန်း ၁၀ ခန်းအပါအဝင် အခန်းတွင်းရှိပစ္စည်းများ မီးလောင်ဆုံးရှုံးကြောင်းသိရပြီး မီးလောင်မှုဖြစ်သည့် အကြောင်းအရင်း၊ ဆုံးရှုံးမှုတန်ဖိုးတို့ကို ဆက်လက်စစ်ဆေးလျက်ရှိပြီး ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကြီးတင်၊ ဓာတ်ပုံ- MFSD

# ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မော်တော်ယာဉ်။

နေပြည်တော် မေ ၁၆

**ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက် ညနေ ၅ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်း - ပူနားကို - ပုံတပ်သွားကားလမ်း၊ ပူနားကိုရေအားလျှပ်စစ်စက်ရုံအနီး၌ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ပုံတပ်မှ ပူနားကိုဘက်သို့ မောင်းနှင်လာသည့် ISUZU D-MAX မော်တော်ယာဉ်သည် စစ်ဆေးသည့်နေရာသို့မရောက်မီ နောက်လှည့်မောင်းနှင်ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရပ်တန့်ရန် သတိပေးပစ်ခတ်တားဆီးသော်လည်း ဆက်လက်မောင်းနှင်ထွက်ပြေး၍ လိုက်လံပိတ်ဆို့ဖမ်းဆီးခဲ့ရာ ပူနားကို ရေအားလျှပ်စစ်စက်ရုံ၏ တောင်ဘက် တစ်မိုင်ခန့်အကွာ တောစပ်တွင် မော်တော်ယာဉ်ကို ရပ်တန့်၍ ယာဉ်ပေါ်ပါသူများမှာ လျှိုအတွင်းသို့ ထွက်ပြေးသွားသဖြင့် ယာဉ်ကို ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၉၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဝိုင်းမော်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာအနီးတွင် မောင်ပေါင်း (ခ) မောင်လေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၀ တို့ကို လည်းကောင်း။

မေ ၁၅ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ် (၄၂) ရပ်ကွက် ဦးဝိစာရလမ်းနှင့် ဇော်ဂျီလမ်းထိပ်ရှိ ကွမ်းယာဆိုင်သို့ ဝင်ရောက်ရှာဖွေရာ ထက်ဝေယံ (ခ) ဖက်တီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ၎င်းငှားရမ်းနေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၂) ရပ်ကွက် ဇော်ဂျီလမ်းရှိ အိမ်အမှတ် (၂၁၂)သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၀ ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် ပင်လောင်းမြို့နယ် နေပြည်တော်-ပင်လောင်း သွားကားလမ်း ထိန်ပင်ကျေးရွာ အုပ်စု လိန်းလီကြိုးတံတားအနီးတွင် ထွန်းလင်းသန့် (ခ) ရွှေလင်း မောင်းနှင်ပြီး အောင်ဆန်းလင်း (ခ) ဖိုးဖြူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မောင်ပေါင်း (ခ) မောင်လေးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၆၆**

ဒေါ်သန္တာအေး နှင့် ဒေါ်ချိုပဘာ(ခ)ဒေါ်ချိုစန္ဒီသော် (ကွယ်လွန်သူဦးကျော်ဝမ်းယဉ်ထွန်း၏ တရားဝင်ကိုယ်စားလှယ်)
တရားလို  တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၃၇၊ မြေညီထပ်၊ ယာ)နေ ဒေါ်ချို ပဘာ(ခ)ဒေါ်ချိုစန္ဒီသော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲ၍ ပစ္စည်းခွဲဝေပေးစေလိုမှု ရလိုကြောင်းနှင့်လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် မေ ၃၁ရက် (၁၃၈၃ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေ ၁၂ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှလှသောင်း)
ဒုတိယခရိုင်တရားသူကြီး(၁၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

**အခြေခံပညာဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ထားဝယ်မြို့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် Covid-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးကာလဖြစ်သည့်အတွက် (KG)တက်ရောက်ခဲ့ခြင်း မရှိခဲ့သော အခြေခံပညာကျောင်းများ(ထက်/လယ်လေ့ကျင့်ရေးကျောင်းများအပါအဝင်)နှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ ကျောင်းသား/သူများ ၂၀၂၁-၂၀၂၂ပညာသင်နှစ်တွင် (Grade-1)သို့ တိုက်ရိုက်တက်ရောက်မည့်ကျောင်းသား/သူများအတွက် ၂၀၂၁-၂၀၂၂ပညာ သင်နှစ်တွင် ဗလာစာအုပ်နှင့်ခဲတံများ အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် လုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဆောင်ရွက်လိုပါ၍ မြန်မာ နိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (Lot-1)ဝယ်ယူမည့်ဗလာစာအုပ်ဒါဇင်အရေအတွက် - (၃၅၆၄၅)ဒါဇင်
(Lot-2)ဝယ်ယူမည့် ခဲတံဒါဇင်အရေအတွက် - (၁၁၈၈၂)ဒါဇင်
တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် - ၁၇-၅-၂၀၂၁ရက်(တနင်္လာနေ့) နံနက်၉:၃၀ နာရီ (ရုံးချိန်အတွင်း)
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၁-၅-၂၀၂၁ရက် (တနင်္လာနေ့) ညနေ ၄:၃၀နာရီ
တင်ဒါပုံစံဝယ်ယူရန်နှင့်တင်သွင်းရမည့်နေရာ - တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ထားဝယ်မြို့

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

ဆက်သွယ်မေးမြန်းနိုင်သည့် ရုံးဖုန်းနံပါတ်များ- (၀၅၉-၂၃၉၆၀၊ ၀၅၉-၂၃၉၆၁၊ ၀၅၉-၂၃၉၆၂၊ ၀၅၉-၂၃၉၆၄)

တင်ဒါခေါ်ယူရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-နဝဒေးအိမ်ရာ၊မြေတိုင်းရပ်ကွက်အမှတ်(၃/၄-နဝဒေး)၊မြေကွက်အမှတ်(၉၇၆)၊ ဧရိယာ(၀. ၀၈၃)ဧကရှိ ဦးတင်မောင်လင်း(ခ)ဟိန်းထက်ဇော်အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိလှိုင်သာယာမြို့နယ်၊(၆)ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မြေကွက်အမှတ်(၉၇၆)၊ တိုက်အမှတ်(Block-42,No-1)ဟုခေါ်တွင်သော (၂)ထပ်တိုက်နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်ပွင့်ဖြူအိ(၁၂/မရက(နိုင်)၁၁၉၆၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မာလာဆွေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)**
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
**အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၉၅၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂**

**အများသိစေရန်ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့်အမည်(၆-က လမ်းမကျယ်)၊ ဦးပိုင်အမှတ်(၁၈၉/င)၊ မြေဧရိယာ(၀ဒသမ၀၂၂)ဧကရှိ အမည်ပေါက် ဦးအောင်ဝဏ္ဏ-ဒေါ်သီတာလွင် ဘိုးဘပိုင်ခြံမြေကွက်နှင့်အဆောက်အအုံအား ဦးမြင့်သိန်းမှ မြေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း တောင်ငူခရိုင် နှင့်တောင်ငူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ(၁-က)စာရင်း၌ ဦးမြင့်သိန်းအမည်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၃/၂၀၁၇)**
**(၂/၉၅၀)၊ ဦးစစ်ကိုလမ်း၊ တောင်ငူမြို့၊ ဖုန်း-၀၉-၄၂၈၁၆၆၄၅၅**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ **ဇူလိုင်လ ၁ ရက်နေ့တွင်** အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး ၂၀-၄-၂၀၂၁ ရက်နေ့မှ စတင်၍ ၄-၆-၂၀၂၁ ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ပြင်ဦးလွင်မြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် ၂၇-၆-၂၀၂၁ မှ ၂၈-၆-၂၀၂၁ ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း** ။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်း တိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်** ။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋီတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

- (၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
- (၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
- (၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
- (၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
- (၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
- (၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
- (၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
- (၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
- (၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
- (၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
- (၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
- (၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
- (၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
- (၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
- (၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
- (၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
- (၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
- (၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
- (၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
- (၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
- (၂၁) ဂန္ဓကုဋီတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
- (၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
- (၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
- (၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
- (၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
- (၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ လယ်ပြင်ကျေးရွာအုပ်စု၊ နောင်ရင်းကျေးရွာနေ ဦးဘငွေး၏သား မောင်မျိုးဝေယံငွေး ၅/အတန(နိုင်)၁၀၂၈၅၆ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၈-၇-၂၀၀၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 4C/7313 Toyota Corolla S/W ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၉/မမန(နိုင်)၀၁၃၀၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးသန်းဝင်း(ဘ)ဦးသိန်းမောင် ၉/ ပမန(နိုင်)၀၀၃၀၅၄ သည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ-၃၃၉၂၃)၊ ရေိယာ ဝဒသမ ၀၅၅ ဧကရှိ မြေကွက်နှင့် ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၈-၁၀-၂၀၁၅ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၁၁၇၈ဖြင့် ဒေါ်ညွန့်ညွန့်ရွှေ (ဘ)ဦးဒီလုံး ၉/ မရတ(နိုင်) ၀၂၄၄၁၀ သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၁၅-၅-၂၀၂၁ ရက်မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းဝင်း ၉/ပမန(နိုင်)၀၀၃၀၅၄**

## ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးပန်းခိုင်
## (စစ်တွေ/မောင်တော)
## အသက်(၈၈)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ငါးခူရကျေးရွာနေ (ဦးဒုံးရှီ-ဒေါ်စိန်ညွန့်ဖြူ)တို့၏သား၊ စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ မင်းဘာကြီးလမ်း၊ အမှတ် ၁၇၃ နေ (ဒေါ်ဝင်းညို)၏ခင်ပွန်း၊ ဦးဘိုမင်းဖြူ(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ချောမေ၊ ဦးထွန်းဝင်း၊ ဒေါ်ခင်ပု(ဦးစီး အရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်တွေမြို့)၊ ဒေါ်ခင်လှ၊ ဒေါ်စန္ဒာ၊ ကိုဆန်းငွေး တို့၏ ချစ်လှစွာသောဖခင်၊ ကိုကျော်ဇေယျာဘို၊ ကိုဇာနည်ဘို၊ မချောကလျာဘို၊ မပန်းမြတ်ဘို၊ မပန်းသန္တာဘိုတို့၏ အဘိုးရင်သည် ၁၅-၅-၂၀၂၁ရက် နံနက် ၃:၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၁ရက် ညနေ ၃နာရီတွင် စစ်တွေမြို့၊ အာကျိတ်တော်ကုန်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၁ရက်တွင် စစ်တွေမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဝိတိုရိယဆေးရုံကြီးသို့ တက်ရောက်ကုသနေစဉ် အထူးဂရုစိုက် ကုသပေးကြသော ဆရာဝန်ကြီးများနှင့် သူနာပြုများအားလည်းကောင်း၊ ကျန်းမာရေး ကိစ္စများအား လာရောက်မေးမြန်းသူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့ကြသူများအား အထူးကျေးဇူးတင်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက်၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရေးဝန်ထမ်းလုပ်ငန်းဝင် သင်တန်းအမှတ်စဉ်(၄)**
**ဇေယျ(၈၄)မှ တရားရေး အရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးထင်ပေါ်ထွန်း(ငြိမ်း)
### စစ်တက္ကသိုလ်၊ အပတ်စဉ်(၃၀)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၇/ B-1)နေ ဒုမှူးကြီး သိန်းထွန်း(ငြိမ်း)တပ်မတော်(ရေ)- ဗိုလ်ကြီးဒေါ်မြအေး(ငြိမ်း)တပ်မတော်(ရေ)တို့၏ သားငယ် ဗိုလ်ကြီးထင်ပေါ်ထွန်း(ငြိမ်း)သည် ၁၅-၅-၂၀၂၁ရက် (စနေနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ရေ) စက်မှုလက်မှုအရာရှိများ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ အပိုင်း(၂)၊ Rose Park II၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၂၇-B) ၊ အကျယ်အဝန်း (၈၀ပေ × ၁၀၀ပေ) ရှိ ဦးဝင်းမြင့် (၁၂/သဃက(နိုင်)၀၇၉၉၈၉) အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမြင့် (၁၂/ သဃက(နိုင်)၀၇၉၉၈၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/တောင်) ရပ်ကွက်၊ သုမနလမ်း၊ မြေကွက်အမှတ်(၁၁၄၃/က)၊အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဦးမြင့်လွင် အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းညွန့်. (၁၂/သကတ(နိုင်) ၀၁၁၅၅၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်ထွန်းအောင် |
| LL.B, D.B.L, D.I.L., | LL.B, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| Hein Htet San Law Firm | ၀၉ ၅၅၀၆၁၄၆၊ ၀၉ ၉၇၆၄၉၂၀၀၃ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅) ၊ (၈) ရပ်ကွက်၊ ရေစက်လမ်း(ခ) စက်ဝလမ်း၊ တိုက်အမှတ်(၁၆၁/ခ+ဂ) ၊ အခန်း-စတုတ္ထထပ်(၅လွှာ-B) အကျယ်အဝန်း(၁၇ပေ× ၄၇ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမိုးဟိန်း(၁၂/ကမရ(နိုင်)၀၅၁၉၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးအောင်ကျော်လှိုင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၄၂၁ ၇၄၆ ၉၇၄ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း**
**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယရဲမှူးကြီးအောင်ခိုင် (ဦးစီးအရာရှိ-ပထမတန်း)
### ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး
### အသက်(၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း)ရဲ၂၄၅၉ ဒုတိယရဲမှူးကြီးအောင်ခိုင်သည် ၁၅-၅-၂၀၂၁ရက် နံနက် ၈:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူး ခိုင်ဝင်း - ဒေါ်ခင်သီတာဝင်း**
**မိသားစု**
**ရန်ကုန်မြို့**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၂၁ ခုနှစ် မေ ၂၅ ရက်မှ မေ ၂၈ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၀.၂၁)ပေခန့်မှ (၂၀.၆၇)ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ(၂၀)ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့သတိပေး သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မကွေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၇-၅-၂၀၂၁ရက် (တနင်္လာနေ့) |
| **တင်ဒါနောက်ဆုံး** | - | ၁၇-၆-၂၀၂၁ရက် |
| **တင်သွင်းရမည့်ရက်** | | (ကြာသပတေးနေ့) (၁၆:၀၀) နာရီ |

၂။ သတ်မှတ်အချိန်/ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာဝယ်ယူခြင်းများကို မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာန၊ ဖုန်း-၀၆၃-၂၀၂၅၈၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## ဇီဝနည်းပညာသုတေသနဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန ဇီဝနည်းပညာသုတေသနဌာန (စွန်ရဲအင်း)နွားခြံတို့တွင် အောက်ပါနွားများ ရောင်းရန်ရှိပါသည်-

| | |
|---|---|
| (၁) နွားနောက်ကြီး | (၇) ကောင် |
| (၂) နွားနောက်လတ် | (၅) ကောင် |
| (၃) မေထုန်ကြီး | (၁၂) ကောင် |
| (၄) မေထုန်လတ် | (၂၁) ကောင် |

၂။ တင်ဒါအသေးစိတ်အား ဇီဝနည်းပညာသုတေသနဌာန (ကျောက်ဆည်နှင့် စွန်ရဲအင်း)တို့တွင် ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါရောင်းချရမည့်ရက်မှာ ၁၇-၅-၂၀၂၁ ရက်မှ ၂၄-၅-၂၀၂၁ ရက်အထိ ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၁၇-၅-၂၀၂၁ ရက်မှ ၂၄-၅-၂၀၂၁ ရက်အထိ ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါကိစ္စနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၆-၅၀၅၀၈၊ ၀၆၆-၅၀၆၂၂၊ ၀၉-၅၀၅၀၈၉၃၊ ၀၉-၄၂၀၁၅၀၂၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဇီဝနည်းပညာသုတေသနဌာန**

## သင့်သွေးဖြင့် အသက်ကယ်ပါ

### ဘုရား၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးကျော်သန်း(မော်လမြိုင်)
### မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီသတင်းထောက်

၁၇-၄-၂၀၂၁ရက်တွင် ကွယ်လွန်သွားသော ဦးကျော်သန်း (မော်လမြိုင်) မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီသတင်းထောက် အသက်(၆၇)နှစ်သည် ၁၇-၅-၂၀၂၁ရက်တွင် (၁)လပြည့်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မွန်ပြည်နယ်မှ သတင်းစာဆရာများ၊ နာရေးကိစ္စအတွက်ကူညီပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအား အထူးကျေးဇူးတင်ရှိပါသည်။

**မြန်မာနိုင်ငံ သတင်းစာဆရာအသင်း**
**မွန်ပြည်နယ်**

## ဒုတိယရဲမှူးကြီးအောင်ခိုင်
## (ဦးစီးအရာရှိ - ပထမတန်း)
## အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈) လမ်း၊ ရဲရိပ်သာနေ ဦးတင်ဝင်း-ဒေါ်စန်းငွေးတို့၏ သား၊ ရန်ကုန်မြို့နေ ဦးကံညွန့်-ဒေါ်ဖြူဖြူသာတို့၏ သားသမက်၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးဝင်းနေ ဒေါ်အိချောစု၏ ချစ်လှစွာသော ခင်ပွန်း၊ မဓူသကခင်၊ မအိမ့်သက်လျာခင်တို့၏ ချစ်လှစွာသောဖခင် ရဲ ၂၄၅၉ ဒုတိယရဲမှူးကြီး အောင်ခိုင်၊ ဦးစီးအရာရှိ (ပထမတန်း)၊ အသက်(၅၆)နှစ်သည် ၁၅-၅-၂၀၂၁ ရက် (စနေနေ့) နံနက် ၀၈:၅၀ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၁ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဒေါ်ငွေးငွေး
### အသက်(၇၇)နှစ်

တပ်မတော်ဆေးတက္ကသိုလ်၊ ဇီဝဗေဒဌာနတွင် ဂုဏ်ထူးဆောင်ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့သော ဆရာမကြီးပါမောက္ခ ဒေါက်တာဒေါ်ငွေးငွေးသည် ၆-၅- ၂၀၂၁ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဇီဝဓာတုဗေဒဌာနမိသားစု**
**တပ်မတော်ဆေးတက္ကသိုလ်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်း(၁)ခုနှင့် တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၇)ခု၊ စုစုပေါင်း(၈)ခုအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | ၁၈-၅-၂၀၂၁ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၁-၆-၂၀၂၁ရက် ညနေ၄:၃၀နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး ဖုန်း-၀၂၄၀၃၃၁၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ (Star City)၊ အဆောက်အအုံအမှတ်(ဘီ-၅)၊ အခန်းအမှတ်(၃၂၃)၊ စတုရန်းပေ (၁၂၆၀)ရှိ ကွန်ဒိုနှင့် ယင်းကွန်ဒို၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ထွန်း ၁၂/မဂတ(နိုင်)၀၇၉၄၀၂နှင့် ဒေါ်ခင်ဆွေဦး ၁၂/မဂတ(နိုင်)၀၃၇၆၉၇ တို့၏ လွှဲအပ်ညွှန်ကြားခြင်းခံရသူ ဒေါ်ချို့နွယ်ဦး ၁၂/မဂတ(နိုင်)၀၃၇၆၉၈မှ လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်သူ ၁၂/ကမရ(နိုင်)၀၂၆၇၂၂မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုအရောင်းအဝယ် အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးမြတ်သူ | ဒေါ်ယမင်းနွယ်ဦး (LL.B) |
| ၁၂/ကမရ(နိုင်)၀၂၆၇၂၂ | အထက်တန်းရှေ့နေ(စဉ်-၅၁၉၉၈) |
| | အမှတ်(၆၈၇)၊ (၅-လွှာ)၊ (၄)လမ်း၊ (၁)ရပ်ကွက် |
| | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| | ဖုန်း-၀၉-၂၅၀၁၇၀၇၆၅၊ ၀၉-၉၇၈၈၂၀၉၇၄ |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့၊ မြကန်သာရပ်ကွက်နေ (ဘ)ဦးတင့်-အမိ(ဒေါ်ထွေထွေးဝင်း)တို့၏သမီး မပိုးအိဖြူ ၅/ခဥန(နိုင်) ၁၁၁၆၉၀သည် မိဘများ၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင့်**
**၅/ခဥန(နိုင်)၀၀၆၆၅၈**

# COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆ ဦး တွေ့ရှိ

## ယနေ့အထိ စုစုပေါင်း (၁၃၂,၁၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်

### (၁၆-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၅-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၀၁,၇၇၀) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၀၆၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ရန်ကုန်မြို့၌ YBS ခရီးသည်ဝန်ဆောင်မှု ၅၅ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာ

**ရန်ကုန် မေ ၁၆**

စီးပွားရေးအချက်အချာကျပြီး လူဦးရေထူထပ်များပြားသော ရန်ကုန်မြို့ကြီး၌ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ နှောင့်နှေးခဲ့သော်လည်း ယခုအခါ (YPTC) ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် နေ့စဉ်မြို့တွင်း YBS ယာဉ်ပြေးဆွဲမှုလုပ်ငန်းမှာ လတ်တလောအခြေအနေတွင် ၅၅ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာကြောင်း YPTC ရုံးချုပ်မှ သိရသည်။

"ရန်ကုန်မြို့တွင်း YBS ခရီးသည်ယာဉ်လိုင်းပြေးဆွဲမှုနဲ့ ပတ်သက်လို့ ပြောရရင် လတ်တလောအခြေအနေမှာတော့ တော်တော်လေး တိုးတက်လာပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်ခင်လို ပုံမှန်အခြေအနေတော့ မရောက်သေးပါဘူး။ အခုမေလဆိုရင်လည်း အရင်ဧပြီလထက်တော့ ပြေးဆွဲပေးမှုရော ခရီးသည် လိုက်ပါစီးနင်းမှုတွေကိုကြည့်ရင် နှစ်ဆအထိ တိုးတက်လာတာကို တွေ့ရတယ်။ ရာခိုင်နှုန်းအားဖြင့် ပြောရရင်တော့ ၅၅ ရာခိုင်နှုန်းအထိတော့ တိုးတက်မှု ရှိလာပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YPTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

ရန်ကုန်မြို့တွင် လတ်တလောအခြေအနေအရ YBS ခရီးသည်တင် ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းရှိပြီး ယာဉ်အစီးရေ ၆၆၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ယခုလက်ရှိတွင် ယာဉ်လိုင်းပေါင်း ၉၇ လိုင်း ပြေးဆွဲနေပြီး ယာဉ်အစီးရေမှာလည်း ၂၄၀၀ ကျော်ရှိကာ

*စာမျက်နှာ ၁၂ ကော်လံ ၄ ✻*




ရန်ကုန်မြို့အတွင်း ခရီးသွားဝန်ဆောင်မှုပေးလျက်ရှိသော YBS ခရီးသည်တင် ယာဉ်လိုင်းကားများကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းထက်

## အချပ်ပို ၁၆ မျက်နှာပါရှိ

၁၇-၅-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ကယားပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၁၆ မျက်နှာ ဖော်ပြပါရှိပါသည်။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်**

**နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်**

စာ ၁၇

**ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ**

စာ ၂၇

# ချယ်ဆီးကို အနိုင်ယူပြီး အက်ဖ်အေဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးလိုက်သည့် လက်စတာ

အင်္ဂလန်နိုင်ငံ၏ သက်တမ်းရင့် ပြိုင်ပွဲတစ်ခုဖြစ်သည့် အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်ကို မေ ၁၅ ရက် (စနေနေ့) ညပိုင်းက ချယ်ဆီးအသင်းနှင့် လက်စတာအသင်းတို့ ဝင်ဘလေအားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာအသင်းက တိုင်လီမန်းစ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ချယ်ဆီးအသင်းသည် ပြီးခဲ့သည့် အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်မှ လူစာရင်းကို ငါးဦးအထိ အပြောင်းအလဲပြုလုပ်ပြီး ပွဲထွက်လာခဲ့သည်။ လက်စတာအသင်းက ပြီးခဲ့သည့် မန်ယူအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်မှ လူစာရင်းကို တစ်ဦးသာ အပြောင်းအလဲပြုလုပ်ပြီး ချယ်ဆီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ မှတ်တမ်းသစ်ရေးထိုးနိုင်ရန်အတွက် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံး လူစာရင်းကို အသုံးပြုပွဲထွက်လာသောကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပထမပိုင်းတွင် အပြန်အလှန်ထိုးဖောက်မှုများရှိခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ချယ်ဆီးအသင်းသည် လက်စတာအသင်းအပေါ် ခြေအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ဖိအားပေး ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှု၊ လက်စတာဂိုးသမား ကာကွယ်နိုင်မှုတို့ကြောင့် အောင်မြင်မှုနှင့်ဝေးကွာခဲ့ရခြင်းဖြစ်သည်။ လက်စတာအသင်းအတွက် တစ်လုံးတည်းသော

*စာမျက်နှာ ၁၁ ကော်လံ ၁ ◆*